# Think Of Your Future

## (Burmese)

By William MacDonald

Copyright 2010 by William MacDonald

www.william-macdonald.org

# သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း

ကျွန်ုပ်၏ အသက်မီးအိမ်ကို ဘုရားသခင်အတွက် ထွန်းလင်းစေပြီး ဖြစ်သောကြောင့် ကျွန်တော် သေသည့် အချိန်တွင် မည်မျှဝမ်းမြောက်ဖွယ်ကောင်းမည်နည်း။ပေးကမ်းခြင်း၊လုပ်ဆောင်ခြင်း၊ သို့မဟုတ် ငွေကြေးများအားဖြင့် အပြစ်သားတစ်ယောက်ကို ကယ်တင်ခြင်းစသည့်ကျွန်တော်၏ လုပ်ဆောင်သမျှအရာအပေါ်၌ ဝမ်းမြောက်ရလိမ့်မည်။ လမ်းခရီးကြမ်းတမ်းသော်လည်း ကျွန်ုပ်အတွက်မမှုပါ၊ ချစ်မြတ်နိုးဖွယ်ကောင်းသော ဘုရားသခင်ခြေတော်မြတ်၏ လမ်းပြပို့ဆောင်ခြင်းသည်ကျွန်တော်အတွက် လုံလောက်ပေ၏။ ကျွန်ုပ်၏ဘဝမီးအိမ်ကိုဘုရားအတွက် ထွန်းလင်းစေပြီး ဖြစ်သောကြောင့်သေသည့်အချိန်တွင်ကျွန်တော်မည်မျှဝမ်းမြောက်မည် နည်း။

## မာတိကာ


| | | |
|---|---|---|
| ၁။ | အသက်တာပြောင်းလဲစေသော သမ္မာတရား | ၅ |
| ၂။ | တစ်ခုတည်းသောအသက်တာ | ၇ |
| ၃။ | တိုတောင်းလွန်းလှပါ၏ | ၁၀ |
| ၄။ | ထာဝရတည်မြဲခြင်း | ၁၃ |
| ၅။ | တန်ဖိုးကြီးသောအချိန် | ၁၅ |
| ၆။ | ထာဝရအတွက် တန်ဖိုးရှိသောပညာ | ၂၀ |
| ၇။ | သင်၏အနာဂတ်ကို သင်ကိုယ်တိုင်ရွေးချယ်၏ | ၂၄ |
| ၈။ | ရည်မှတ်ချက်-ပညာရှိ (သို့မဟုတ်) ကွဲလွဲခြင်း | ၂၆ |
| ၉။ | ကြီးမားသော ဘဝ၏စေခိုင်းချက် | ၃၀ |
| ၁၀။ | ကြီးမားသောဘဝ ဆက်ကပ်ခြင်း | ၃၆ |
| ၁၁။ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအရေးပါမှု | ၄၀ |
| ၁၂။ | ဆင်ခြင်ပေးခြင်း၊ လှည့်ဖြားခြင်းနှင့် ရှောင်တိမ်းခြင်း | ၄၆ |
| ၁၃။ | ပြင်းပြစွာ ချစ်သက်လိုလားသော အသက်တာ | ၄၉ |


## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၅

### အသက်တာပြောင်းလဲစေသော သမ္မာတရား

ကြီးမားသော သမ္မာတရားသည် လူတစ်ယောက်၏ အလုပ်အကိုင်အားလုံးကို မကြာခဏ လွှမ်းမိုးတတ်ပါသည်။ သူသည်လုပ်ရိုးလုပ်စဉ်အရ နှစ်ပေါင်းများစွာ သွားနေသော်လည်း ဉာဏ်ဖွံ့ဖြိုးစေသောအရာကို အမှတ်မထင်သိမြင်နေသောကြောင့် ထိုနေ့မှစ၍သူသည်ထူးခြားစွာ ပြောင်းလဲသွားပါသည်။

၎င်းကို **Hudson Toylor** အပေါ်၌ဖြစ်ပျက်ခဲ့ပါသည်။ သူ့ဖခင်၏စာကြည့်တိုက်ထဲ၌ စာအုပ်ကို ရည်မှန်းချက်မရှိဘဲ ဟိုသည်လှန်လှပ်နေသည့်အချိန်တွင်"ခရစ်တော်ပြီးမြောက်ခဲ့သော အလုပ်" ဟူသောဖော်ပြချက်တစ်ခုကို သိမြင်ခံစားခဲ့ပါသည်။ သမ္မာတရားက သူ့ကိုခိုင်မြဲစွာဆုပ်ကိုင်ခဲ့ပြီး ခရစ်တော်က သူ့လုပ်ငန်းကိုပြီးမြောက်ခဲ့ပြီးဖြစ်လျှင်သူ့အတွက်ကယ်တင်ရှင်၊ အားကိုး

ရာမှအပ အခြားလုပ်ရမည့်အရာမရှိပါ။ သူ့ဝိဉာဉ်သည်အလင်းနှင့်ငြိမ်းချမ်းခြင်းဖြင့် ပြည့်လျှံ၍ နှစ်ပေါင်းများစွာကြာပြီးနောက်၊ သူသည်တရုတ်ပြည်သို့ ကယ်တင်ခြင်းသတင်းကောင်း၏ တံခါး ဖွင့်ဖို့အလို့ငှာသွားခဲ့ပါသည်။

ဎင်းသည် **Count Zingendorf** အပေါ်၌လည်းဖြစ်ပျက်ခဲ့ပါသည်။ ဂျာမဏီနိုင်ငံတွင် လူငယ်လေးဖြစ်သည့်အချိန် တစ်နေ့၌သူကလက်ဝါးကပ်တိုင်ပေါ်တွင်တင်ထားသည့် ခရစ်တော်၏ ရုပ်ပုံရှေ့မှာ ရပ်လျက်ရှိပါသည်။ ဎင်းရုပ်ပုံအောက်၌ရေးထားသောစာမူကား"အမှန်စင်စစ် ဤအရာ သည် သင့်အတွက်လုပ်ဆောင်ခဲ့၏"ဟူ၍ဖြစ်သည်။**Zinzendorf** ကို သမ္မတရားက အံ့သြစွာ ကြေကွဲ ခံစားစေခဲ့ပြီး ထိုနေရာတွင်မှ ယေရှုခရစ်တော်ကိုမိမိကယ်တင်ရှင်အဖြစ်လက်ခံခဲ့ပါသည်။ သို့သော်သူသည်ရုပ်ပုံကို ပြန်ကြည့်သောအခါ အောက်တွင်ရေးထားသည့် အခြားစကားလုံးများကို ပြန်တွေ့လိုက်သည်။"အသင်သည် ငါ့အတွက်အဘယ်အမှုကို ပြုလုပ်ခဲ့သနည်း?"

ထိုကဲ့သို့သော မီးမောင်းမေးခွန်းက သူ့ကိုရွေ့လျားစေကာ သူ့ဘဝကို ခရစ်တော်ထံသို့ လုံးလုံးလျားလျားပုံအပ်ခဲ့ပါသည်။ ယနေ့တွင် သူ့နာမည်သည် **Moravian** သာသနာလုပ်ငန်း၏ နှစ်စဉ်ဖြစ်ရပ်သမိုင်းမှတ်တမ်း၌ သင်းပျံ့မွှေးကြိုင်နေပါသည်။ **Dwight L.Moody** အပေါ်၌လည်း ထိုကဲ့သို့ဖြစ်ခဲ့ပါသည်။ သူသည်အင်္ဂလန်နိုင်ငံ၌ ဧဝံဂေလိတိုက်ပွဲပြီးခါစဖြစ်ပြီး နာမည်ကြီးအင်္ဂလိပ် တရားဟောဆရာ **Henry Barley** ကို နှုတ်ဆက်ခါစအချိန်သာဖြစ်သေးသည်။ ခွဲခွါ စိန်ခေါ်ခြင်း ဖြစ်သည့်နည်းတူ **Varley** ကသူ့ကို"မစ်စတာမိုဒီ ဘုရားသခင်၏အလိုတော်ကို နှလုံးသား အကြွင်းမဲ့ လုပ်ဆောင်ချင်သည့် ဆန္ဒရှိသောသူအားဖြင့် ဘုရားသခင်က အဘယ်အမှုပြုနိုင်မည့်အကြောင်းကို ဤလောက မမြင်တွေ့ရသေးပါ"ဟုပြောပါသည်။ ဤကဲ့သို့သော အလွန်ကြီးမားသည့် စကားကို မိုဒီက သူ့စိတ်ထဲ၌ အမြဲသိမ်းဆည်းထားပြီး သူ့နှလုံးသားထဲ၌ ထပ်ခါတလဲလဲ ပဲ့တင်ထပ်နေပါသည်။

## သင်၏ အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၆

"သဘော်ဖြင့် အိမ်သို့ပြန်သွားနေစဉ် ပင်လယ်ရေလှိုင်းပေါ်၌သော်ဎင်း၊ **Chicago** သို့ရထားဖြင့်သွားနေသည့်အချိန်တွင် နယ်မြေဒေသရှုခင်းပေါ်၌သော်ဎင်း၊ ထိုစကားလုံးများကို ရေးသားဖော်ပြထားသကဲ့သို့ဖြစ်နေပါသည်" ထိုစကားလုံးက သူ၏နောက်နောင်ဘဝတစ်ခုလုံးကို ဖမ်းစားခဲ့ပြီး ယနေ့တွင်မူ သူလုပ်ဆောင်ခြင်း၏ အကျိုးသက်ရောက်မှုကို နယ်ပယ်ဒေသ တစ်လျှောက်လုံး၌ အော်ဟစ်နေကြပါသည်။ ဤကဲ့သို့သောအဖြစ်အပျက်ကို ရာပေါင်းများစွာသော အခြားသူများကလည်း ပြောပြနိုင်ပါလိမ့်မည်။ လူတို့ကို အသက်ရှင်စေသည့် လေးလေးနက်နက် ပြောပြထားသော သမ္မာတရားကို ရုတ်တရက်ကြုံတွေ့နေသည့်အချိန်တွင် ထိုသူတို့သည်သတိမမူဘဲ အသက်တာ၌ လျှောက်လှမ်းနေကြပါသည်။ သူတို့သည် ယုတ္တိဗေဒ သို့မဟုတ် စိတ်လှုပ်ရှားခြင်း အားဖြင့် သိမ်းယူထားကြပါသည်။ ထိုအရာကသူတို့၏စိတ်နှလုံးသားကို တောက်လောင်စေပါသည်။ သူတို့သည် အရင်အတိုင်းမဖြစ်နိုင်တော့ပါ။ ကြီးမားသော ရူပါရုံကသူတို့ဉာဏ်ကို ဖွံ့ဖြိုးစေသော ကြောင့် ဘုရားသခင်အတွက် သမိုင်းရေးသားပြုလုပ်စေခဲ့ပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အပေါ် ၌လည်း ဖြစ်ပျက်နိုင်ပါသည်။ သမ္မာတရားသည် ထာဝရတည်မြဲပြီး အချိန်အခါသမယနှင့်ထာဝရ အောင်မြင်မှုအတွက် ဒုတိယတန်းစားအဖြစ်မှ အခြားသူများကိုကယ်တင်နိုင်သည့် လေးနက်သော တော်လှန်ရေးဖော်ပြချက်လည်းဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့၌ဆန္ဒရှိခဲ့လျှင် ကျွန်ုပ်တို့၌နားစွင့်ဖို့ ရန် လုံလောက်သောအချိန်ပေးဖို့ဆန္ဒရှိခဲ့လျှင်၊ အကယ်၍ကျွန်ုပ်တို့သည်တဘက်သားတို့၏ထင်ကြေး ပေးသည့်အတိုင်း စဉ်းစားပေးနိုင်သောဆန္ဒရှိခဲ့လျှင် အရာအားလုံးသည် ထိုအရာပေါ်၌ မူတည်နေ

ကြပါသည်။ကျွန်ုပ်တို့သည်မြင့်မြတ်သောရှုပါရုံကိုလိုက်လျှောဖို့ရန် အဆင်သင့်ဖြစ်ကြသလား၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆက်လက်မဖတ်ခင်မှာ အောက်တွင်ဖော်ပြထားသည့်မေးခွန်းများကို ဘုရားသခင်ရှေ့မှောက်၌ အဖြေပေးသင့်ပါသည်။

ဘုရားသခင်က ကျွန်ုပ်ထံသို့စကားပြောဖို့ရန် မိမိမှာဆန္ဒရှိသလား ကျွန်တော်သည်ဘယ်လို အခြေအနေမျိုး၌မဆို ဘုရားသခင်ကို နာခံပါ့မလား။

ဘုရားသခင်အတွက် မစွန့်လွှတ်နိုင်သောအရာ ကျွန်ုပ်၌ရှိသလား?။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၃

**တစ်ခုတည်းသောအသက်**

ဤလောက၌ ကျွန်ုပ်တို့နေထိုင်ခြင်းအကြောင်းရင်းကို လေ့လာသောသူတို့သည် ဤလောက၌တစ်ကြိမ်တစ်ခါသာလျှင် အသက်ရှင်နေထိုင်နေကြောင်း သတိရအောက်မေ့ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းထိရောက်သော သေချာခြင်းမှ အစပြုကြစို့လား။

## တစ်ခုတည်းသောအသက်

ရှင်ယောဟန် ၉း၄ ၌ သခင်ခရစ်တော်ပြောထွက်သွားသောစကားသည် သူ၏ဘဝအသက်တာကိုလှုံ့ဆော်သော အင်အားတစ်ခုဖြစ်ပါသည်။

ငါ့ကိုစေလွှတ်တော်မူသော သူ၏အမှုကိုနေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။

အဘယ်သူမျှ အမှုမပြုနိုင်သောအချိန်တည်းဟူသောညဥ့်အချိန်လာသေး၏။

"နေ့အချိန်ရှိစဉ်" "ညဥ့်အချိန်လာသေး၏" "ဘဝသည်တစ်ခုတည်းသာဖြစ်သည်"

အကယ်၍ ဤစကားလုံးများသည် သံတိုသံစများပမာ ကျွန်ုပ်တို့စိတ်၊ ဝိဉာဉ်ထဲသို့ လောင်ကျွမ်းစေခဲ့သော ပူလောင်းခြင်းကဲ့သို့ဖြစ်မှသာလျှင် မေ့ပျောက်နိုင်မည်မဟုတ်ပါ။အသက် တစ်ခုတည်းသာဖြစ်သည်၊နှုတ်အားဖြင့်ဖော်ပြ၍မရသောလေးနက်သည့်အရာမဟုတ်ပါလား။ထို့နောက် ကျွန်ုပ်တို့သည်အသက်တန်ဖိုးအကြောင်းကိုစဉ်းစားရပါမည်၊ ကျွန်ုပ်အသက်သည် မိမိအတွက်မည်မျှတန်ဖိုးရှိသနည်း။ ၎င်းကိုလဲလှယ်ဘို့ရန် မည်မျှယူဆောင်ရမည်နည်း?။ ထိုအရာကို အဘယ်သူကိုမျှတန်ဘိုးဖြတ်နိုင်မည်မဟုတ်ကြောင်းသိသာထင်ရှားပါသည်။ အကြောင်းမူကား ထိုဘဝသည်ကျွန်ုပ်တို့အတွက်သတ်မှတ်၍မရသောတန်ဖိုးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘဝ၏ဖြစ်နိုင်စွမ်းကိုလည်း စဉ်းစားရပါမည်။ ဤလောက၌ မွေးဖွားသောယောကျ်ားတိုင်းသည် ယောဟန်(သို့မဟုတ်)ယုဒ၊ ပေါလု(သို့မဟုတ်)ပိလတ်ဖြစ်နိုင်ကြပါသည်။ ဆိုးသောအရာအတွက်(သို့မဟုတ်)အသီးသီးသောသူတို့(သို့မဟုတ်)တန်ဖိုးမရှိသောသူ ပျော်ရွှင်ခြင်း(သို့မဟုတ်)စိတ်ဆင်းရဲ ခြင်းအတွက် အကန့်အသတ်မရှိဖြစ်နိုင်စွမ်းရှိကြပါသည်။

ဤအချက်က ကျွန်ုပ်တို့ကို ခိုင်မြဲစွာ ဆုပ်ကိုင်နေသည့်အချိန်တွင်ဘဝသည်သုံးဖြုန်းရန် မဟုတ်ဘဲ အကောင်းဆုံးအဖြစ် အသုံးပြုဖို့ရန် မြှုပ်နှံရမည့် မြင့်မြတ်သောအရာဖြစ်ကြောင်းကို သိရှိနားလည်လာပါသည်။"ဘဝသည် တိုတောင်းပြီး ပေါ့ပေါ့တန်တန်မထားသင့်ပါ၊ ကျွန်ုပ်တို့အသက်သည် ကြွေကျနေသည့်သစ်ရွက်နှင့်မျက်ရည်ပမာဖြစ်ပါသည်။ ကျွန်ုပ်တို့၌ ဖြေဖျော်ရာအချိန်မရှိပါ။ဤကဲ့သို့သောလောက၌ အသက်ရှင်နေထိုင်သောသူအားလုံးသည် စိတ်အားထက်သန်ရပါမည်။"

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၈

ကျွန်ုပ်တို့၌ ဘဝပေါင်းများစွာမရှိ၊ တစ်ခုတည်းသာရှိ၏။ တစ်ခု၊ တစ်ခုတည်းသာ၊ ထိုတစ်ခုတည်းသောဘဝသည် မည်မျှမြင့်မြတ်မည်နည်း-ကျဉ်းမြောင်းသော တစ်ထွာမျှသာ။

တစ်နေ့ပြီးတစ်နေ့၊ မင်္ဂလာရှိသောအမှုနှင့်ဖြည့်စွက်ပါက တစ်ချိန်ပြီးတစ်ချိန် အသစ်သော ကောင်းကျိုးများယူဆောင်ဆဲပါ။

ထိုအရာက ဤတစ်ခုတည်းသောဘဝ၏ မြင့်မြတ်ကြောင်းကို သရုပ်ပြရာ၌ C.E.Tatham ကအသုံးပြုလေ့ရှိသော သရုပ်ပြချက်ကိုသတိရ အောက်မေ့စေပါသည်။ မိခင်နှင့်အတူဈေးဝယ်ထွက်နေသော ကလေးမတစ်ယောက်သည် စားသုံးကုန်ပစ္စည်းများဝယ်ယူပြီးသည့်အချိန်တွင် အမေက သကြားလုံးဝယ်ပေးဖို့ရန်ခွင့်ပြုလိုက်ပါသည်။ သကြားလုံးဖန်ဘူးများရှေ့မှ ရပ်ပြီး၊တစ်မျိုးပြီးတစ်မျိုး ကြည့်နေပါသည်၊ ပထမ၌ဖန်ဘူးတစ်လုံးကို လက်ညှိုးထိုးကာ“ဤအရာကိုနှစ်သက်သည်”ဟုပြောသောကြောင့် ဆိုင်ရှင်မှလှမ်းယူပေးလိုက်သည့်အချိန်တွင်“ဤအရာကိုမလိုချင်ဘူး၊ တခြားသကြားလုံးပေးပါဟု”အကြိမ်ပေါင်းများစွာတောင်းပန်ပြောဆိုပါသည်။ ထိုကဲ့သို့ဆုံးဖြတ်ချက်မပေးနိုင်သည့် သမီးငယ်ကို မိခင်က“ချစ်သမီးလေး စိတ်ကိုမြန်မြန်ဆုံးဖြတ်ပါ”ဟုပြစ်တင်ပြောဆိုသည့်အချိန်တွင် ကလေးမက“ဒါပေမယ့် မေမေ၊ ကျွန်မမှာသုံးဖို့ဆိုလို့တစ်ပြားပဲရှိနေတယ်”ဟု ယုတ္တိရှိရှိပြန်ပြောပါသည်။

“တစ်ပြားတည်းပါ” “ဘဝတစ်ခုတည်းပါ” လိမ္မာစွာအသုံးပြုဖို့သတိထားပါ။

ဤအကြောင်းကို အဆက်မပြတ်သတိရရန် လိုအပ်ပါသည်။ ကွယ်လွန်သွားခဲ့သောဗြိတိန်နိုင်ငံ၏ ရှင်ဘုရင် Geoge က ၎င်းရည်ရွယ်ချက်အတွက် သူ့စားပွဲပေါ်၌ ဆောင်ပုဒ်တစ်ခုတည်းထားပါသည်။ ၁၉ ရာစု အစောပိုင်း၌ အမေရိကန်ပြည်ကိုတုန်လှုပ်စေသော Stephen Grellet က ထိုဆောင်ပုဒ်ကို ရေးခဲ့ပြီး အောက်ပါအတိုင်းဖြစ်ပါသည် -

ဤလောကကို တစ်ကြိမ်တစ်ခါမျှသာ ဖြတ်သန်းရမည်။ ထို့ကြောင့်လူသားပေါ်၌ ကောင်းမှုတစ်ခုခုကို ယခု၌ပင် ကျွန်တော်လုပ်ပါရစေ။

ဤလောကကို နောက်တစ်ဖန်ပြန်လည်ဖြတ်သန်းမည်မဟုတ်သောကြောင့်ထိုအရာကိုအချိန်မဆွဲဘဲလုပ်ပါရစေ။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၉

ထို့နောက် Avis B.Christiansen က သူမ၏ကဗျာတွင်ဤလောက၌ခေတ္တမျှသာအသက်ရှင်နေထိုင်ကြောင်းကို လေးနက်စွာဖော်ပြထားပါသည် -

ကျွန်မ၏အရှင်သခင်၊ ဘဝတစ်ခုတည်းသာပေးဆပ်ရန်ရှိ၏ ကိုယ်တော်၏ဂရုဏာတော်ချီးမွမ်းဖို့ရန် လျှာတစ်ခုသာရှိ၏။ မြုပ်နှံခြင်းတစ်ခုတည်းသာ-

ကယ်တင်သောအရှင်၊ ခိုင်းနိုင်း၍မရသောကိုယ်တော်၏ ဘုန်းတော်အတွက်သာဖြစ်ပါစေ ကိုယ်တော်ရှင်၊ ဤအချိန်သာလျှင် ကျွန်မပိုင်ပါ၏၊ ကိုယ်တော်ရှင်အတွက်သာသုံးပါရစေ။ ဖြတ်သန်းလျှက်ရှိသောအချိန်တိုင်းသည် ထာဝရအတွက်သာဖြစ်ကြပါစေ။ ဝိညာဉ်တိုင်းသည်လည်း အပြစ်နှင့်ရှက်ကြောက်ခြင်း၌ သေနေကြပါ၏ ကိုယ်တော်၏ဘုန်းကြီးသော နာမတော်မြတ်အားဖြင့် ကာရနီသတင်းကိုယူဆောင်ဖို့ရန် ကျွန်မကို ‘မ’ စတော်မူပါ။

ဘဝတစ်ခုတည်းသာပေးဆပ်ရန်ရှိ၏ ကျွန်မဆုတောင်းသံကို နားညောင်းတော်မူပါ၊ ကိုယ်တော်ရှင်သာလျှင်နာခံပါမည်။ ကျွန်မအတွက်ခပ်သိမ်းသောအရာကို ပေးဆပ်ခဲ့သော ဘုရား၊ ဤဘဝနှင့်အချိန်တိုင်းကို ကယ်တင်ရှင်အတွက် အသုံးပြုတော်မူပါ။

တစ်ခုတည်းသောဘဝဖြစ်သည့် အသက်တာကိုပြောင်းလဲစေသည့် သမ္မာတရားကို ရင်ဆိုင်ကြပါစို့။ ကျွန်ုပ်တို့၏လက်ရှိလှုပ်ရှားမှုနှင့် ရည်မှန်းချက်တို့သည် ဤအရာနှင့် ကိုက်ညီနေပါသလား ဟု မိမိကိုယ်မိမိစမ်းစစ်ကြည့်ပါစို့။

## သင်၏အနာဂါတ်ကို စဉ်းစားတွေးတောခြင်း – ၁၀

**တို့တောင်းလှမ်းလှပါ၏**

အကယ်၍ ဘဝအထီးကျန်ခြင်း၊ ဆင်ခြင်တွေးတောခြင်းသည် အံ့သြဖွယ်ကောင်းသောတန်ဘိုးဖြင့်ထုပ်ပိုးနေပါက၊ ၎င်းတိုတောင်းခြင်း၏ ရည်ရွယ်ချက်က မည်မျှတန်ဘိုးကြီးမည်နည်း? အကယ်၍ဘဝတစ်ခုတည်းသာရှိသည့်အချက်သည် အကယ်၍နှစ်ပေါင်းတစ်ထောင်(သို့မဟုတ်) နှစ်ပေါင်း ငါးရာ(သို့မဟုတ်) ရာစုနှစ်စုထက် ဆွဲဆန့်နေပါက တူညီသည့်အရေးတကြီးဖြစ်ခြင်းခံစားမှုကို နှိုးဆွလိမ့်မည်မဟုတ်ပါ သို့သော်လည်း ဤလောက၌ ယနေ့မှစ၍မည်သူမဆို နှစ်ပေါင်းတစ်ရာအသက်ရှင်လိမ့်မည်ဟုသတိထားမိသည့်အချိန်တွင် များစွာသောသူတို့က တစ်ဝက်ပင်လျှင်မရှိကြသော်လည်း ထိုကဲ့သို့သောလျှင်မြန်ခြင်းက အဘယ်သူမျှ စိတ်လှုပ်ရှားခြင်းမရှိဘဲ နေနိုင်မည်နည်း။

သင်သည် မည်မျှကြာခန့် အသက်ရှင်ဖို့မျှော်လင့်ထားသနည်း?၊ သမ္မာကျမ်းစာထဲ၌ လူ့ဘဝသက်တမ်းကို ပျမ်းမျှအားဖြင့် နှစ်ပေါင်းခုနှစ်ဆယ်ဟု တွက်ထားပါသည်။ (ဆာလံ ၉၀း၁၀) "သင်သည် နှစ်ပေါင်းခုနှစ်ဆယ်အသက်ရှင်မည်ဟုဆိုကြပါစို့။ ပထမဦးစွာသင်၏ယခုလက်ရှိအသက်ဖြင့် နှုတ်ရပါမည်။ ၎င်းက သင်၏မျှော်လင့်ထားသော ကျန်ရှိသည့်အသက်ကို ဖော်ပြပါလိမ့်မည်၊ ဤပုံစံအတိုင်းဖြစ်သော်ငြားလည်း အိပ်ချိန်၊ အလုပ်ချိန်၊ လိုအပ်သောတာဝန်ဝတ္တရားများ ပြုလုပ်မည့်အချိန် ဖျားနာခြင်းနှင့်စွမ်းအားမဲ့ဖြစ်ခြင်းစသည့်အချိန်များကို ထပ်မံ၍နှုတ်ရလိမ့်မည်။ ထိုမှသာလျှင် အားလပ်ချိန်အတွက် ယေရှုခရစ်တော်အမှုတော်အတွက်အချိန်မည်မျှကျန်ရှိသနည်း?။ အဖြေမှာ"အများကြီးမရှိပါ"ဘဝတိုတောင်းခြင်းအကြောင်းဖော်ပြဘို့ရန်အတွက် ကျမ်းစာက လျှင်မြန်ခြင်း ဘာသာစကားလုံးများကို အသုံးပြုထားပါသည်။

၎င်းကို မောရှေက အပ်စက်ခြင်းနှင့်ခိုင်းနှိုင်းထားပါသည်။

၎င်းကို ဒါဝိတ်က အရိပ်ဟုပြောဆိုထားပါသည်။

၎င်းကို ယောဘက ရက်ကန်းလွန်းနှင့် ဆက်စပ်ထားပါသည်။

၎င်းကို ယာကုပ်က အခိုးအငွေ့အဖြစ်ယူဆထားပါသည်။

၎င်းကို ပေတရုက ခြောက်သွေ့သွားသော မြက်ပင်နှင့်ပြစ်တင်ရှုတ်ချပါသည်။ လျှင်မြန်စွာ၊ သနားညှာတာမှုကင်းမဲ့စွာ၊ ၎င်း၏တောက်ပသော အခွင့်အရေးနှင့်အတူ ထွက်ပေါ်လာပြီး ပြန်လည်ထွက်ခွါသွားပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတော်ခြင်း – ၁၁

ရေခဲတိုက်၊ အသုဘကား၊ သင်္ချိုင်းတို့သည် ဤလောက၌ အတည်နေထိုင်ခြင်း၏ ကျေနပ်ရောင့်ရမှုသဘောကို ပြက်ရယ်ပြုနေပါသည်။ "နွားစာခွက်နှင့်လူသေအလောင်းထည့်ထားသည့် အခေါင်းသည် မျိုးတူသစ်ပင်မှထုတ်လုပ်သည်"ဟူသော အဆိုကိုဖြတ်သန်းနေကြသော နေ့ရက်တိုင်းက သတိရစေပါသည်။ အကယ်၍ခရစ်ယာန်တို့၏ မျှော်မှန်းချက်သည် သေခြင်းမဟုတ်ဘဲ၊ကိုယ်တော်ပြန်ကြွလာခြင်းသာ ဖြစ်နေခဲ့လျှင် မရေရာမသေချာသော ဘ၀အကြောင်းပြင်းခုံခြင်းသည် ခွန်အားသာဖြစ်ပါသည်။ အချို့သောသူများသည် သေခြင်းမတိုင်မီ ဆယ်စုနှစ်များစွာကို ပုံမှန်အားဖြင့် စင်စစ်မျှော်လင့်နိုင်သည်ဖြစ်၍ ထိုသူတို့သည်ကယ်တင်ရှင်ကြွလာခြင်းအကြောင်းကို အချက်ပြနေသည့်တံပိုးမှုတ်သံ၊ အော်သံမတိုင်မီ နေထိုင်ခြင်း၊ အချိန်ကာလကို ကြည့်ရှုဖို့ရန်၊ အကြောင်းမရှိပါ။ နိုင်ငံရေးတိုး တက်ပြင်းထန်မှုနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့သည် မကြာမီအချိန်၌ ကိုယ်တော်ကြွလာမည့်အကြောင်းကို ကြိုတင်ဟောပြောခဲ့သော စကားနှင့်စက်စပ်လျှက်ရှိပါသည်။ ဤအရာအားလုံး၏ အဓိပ္ပါယ်ကအဘယ်နည်း?။ သာမန်အားဖြင့်-ဘုရားသခင်အတွက် အသက်ရှင်ချင် စိတ်ရှိသောသူတို့၌ ရှုံးနိမ့်ခြင်းအချိန်မရှိဟူသော အဓိပ္ပါယ်ဖြစ်ပါ သည်။ မိနစ်တိုင်းသည် မြင့်မြတ်သောတာဝန်ထမ်းဆောင်ဖို့အချိန်အဖြစ်ကြည့်ရှုရန်ဖြစ်သည်။ ထိုနည်းငှ‌င်း အချိန်တိုင်းသည် တိုင်းတာ၍မရသော တန်ဖိုးအဖြစ်ကြည့်ရှုရန်ဖြစ်သည်။ ထိုနည်းငှ‌င်း၊ နေ့ရက်တိုင်းကို ခရစ်တော်တရားစီရင်သောပုလ္လင်၌ မကြာမီအချိန်တွင်မြင်တွေ့ရန်စီမံရမည်။ကျွန်မတစ်ယောက်က **Macedon** မြို့သား **philip** ကို နံနက်တိုင်း"**philip** သင် သေရလိမ့်မည်"ဟု ပြောလေ့ရှိသည်။ သူသည်ထွက် ပြေး၍ မလွတ်မြောက်နိုင်သည့် အသိတရားမြင်နှင့်ရှင်သန်နေရပါသည်။

ကျွန်ုပ်တို့ကိုလည်း သန့်ရှင်းသောဝိညာဉ်တော်က သမာကျမ်းစာအားဖြင့် နံနက်တိုင်း "ရွံ့ဖြင့်ပြုလုပ်ထားသောအရာသည် ပျက်စီးစမြဲဖြစ်သည်၊ မွေးဖွားလာသော်လည်း တခဏ နေ့ရက်အတွက်ပါ"ဟု အသိပေးပါလိမ့်မည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၂

- ဤအချိန်နာရီ၏ တန်ဖိုးကို သိရှိနားလည်ရန် မစတော်မူပါ။
- အချိန်ကိုသုံးဖြုန်းခြင်းသည် မိုက်မဲခြင်းဖြစ်ကြောင်းနားလည်စေတော်မူပါ။
- ကျွန်တော်ခံစားနေရသည့် ဝမ်းနည်းကြေကွဲခြင်းကို ယူဆောင်ခဲ့သော ခရစ်တော်ကို အားကိုးဖို့ရန် မစတော်မူပါ။
- ကိုယ်တော်၌သာ အသက်ရှင်ခြင်း(သို့မဟုတ်)သေခြင်းရှိတော်မူ၏။
- ကျွန်ုပ်၏နေ့ရက်အားလုံးသည် သခင်ယေရှု ဘုန်းတော်ထင်ရှားစေပါစေသော။
- ကျွန်ုပ်၏လမ်းခရီးတစ်လျှောက်လုံး၌ ကိုယ်တော်၏ မျက်စိအာဖြင့်လမ်းပြတော်မူပါ။
- အလိုရှိသည့်အချိန်တိုင်း၌ ကျွန်တော့်ကို အသုံးပြုတော်မူပါ။
- ကျွန်ုပ်သည် ခရစ်တော်အတွက်သာလျှင်အသက်ရှင်မည်(သို့မဟုတ်)အသက်စတေးမည်။

ယနေ့အတွက် သင်၏အကြံအစည်ကဘာလဲ-မနက်ဖြန်အတွက်-လာလတ္တံ့သောနေ့ရက်များအတွက်၊ ထို့နောက်ဘာဖြစ်လာမလဲ။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၃

**ထာဝရတည်မြဲခြင်း**

အကယ်၍ အချိန်အနည်းငယ်ပင်လျှင် ပြုပြင်ပြောင်းလဲ၍မရသော အမှန်တရားဖြစ်နေပါက အဆုံးမရှိသောထာဝရ တည်မြဲခြင်းသည် ပို၍မည်မျှတုန်လှုပ်ချောက်ချားဖွယ်ကောင်းမည်နည်း။ ထာဝရတည်မြဲခြင်းအကြောင်းကို နားလည်သဘောပေါက်ဖို့ရန် အသုံးပြုရမည့်ဘာသာစကားသည် နည်းပါးခက်ခဲလှပါသည်။ ၎င်း၏ခက်ခဲသောရှင်းပြချက်ရှောင်တိမ်းခြင်းကို ခံစားရန်အတွက် ကမ္ဘာလောကဖန်ဆင်းခြင်းမတိုင်မီအချိန်ကို ပြန်၍စဉ်းစားကြည့်ပါ။ အစမရှိသော မူလအစအထိဝေးဝေး သွားပါ။ နောက်သို့၊ နောက်သို့၊ နောက်သို့။ ဘုရားသခင်သည်သာလျှင် ထာဝရတည်ရှိနေပါသည်။ သူ့၌အစပြုခြင်းမရှိပါ။ ထို့နောက်သင်၏စိတ်ကို အနာဂတ်ဆီသို့ ဦးတည်ပြီး စီမံကြည့်ပါ-ဤကမ္ဘာလောကပျက်စီးသည့်နောက်ပိုင်း၊ အပြစ်ပျောက်ကွယ်သွားသည့်နောက်ပိုင်း၊ အချိန်နာရီရပ်တန့်သည့် နောက်ပိုင်း။ ရှေ့သို့၊ ရှေ့သို့၊ ရှေ့သို့။ အမြဲတမ်းနှင့်အမြဲတမ်းနှင့်အမြဲတမ်း။အဆုံးမရှိ၊ အဆုံးမရှိ၊ အဆုံးမရှိသောဘဝ။

**ထာဝရ**

လူတို့က ထိုအဓိပ္ပါယ်ကို ဖမ်းဆီးဖို့ရန် မည်ကဲ့သို့ကြိုးစားကြသနည်း။ ဥပမာ။ **Hendrik Van Loon** ဂန္ထဝင်မြောက်သည့်ဖော်ပြချက်ကို ဤကဲ့သို့ပေးပါသည်။

**Svithjod** ဟု ခေါ်သည့် မြောက်ပိုင်းကုန်းမြင့်ဒေသပေါ်၌ ကျောက်တုန်းကြီးရှိပါသည်။ ပေတစ်ရာခန့်မြင့်ပြီး မိုင်ပေါင်းတစ်ရာခန့်ကျယ်ပါသည်။ ထိုကျောက်တုံးကြီးကို ငှက်ငယ်လေးတစ်ကောင်က နှစ်ပေါင်းတစ်ထောင်၌ တစ်ကြိမ်သာသူ့နှုတ်သီးဖြင့်ကုတ်လေ့ရှိသည်။၎င်းကျောက်တုံးကြီး ပျက်စီးပျောက်ကွယ်မှသာလျှင် ထာဝရဟူသောနေ့တာတစ်ရက်ကုန်ဆုံးသွားလိမ့် မည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၄

**ထာဝရတည်မြဲခြင်း**

**Rowland Dizon Edwarcls** က အောက်ပါအတိုင်း ကြိုးစားသရုပ်ဖော်ပါသည် -

သင်္ဘောပေါ်မှခွက်သေးသေးလေးကို ကြိုးနှင့်ချည်ပြီးသမုဒ္ဒရေငံကို ၎င်းခွက်အပြည့်ဖြင့် ကော်ထုတ်လိုက်သည်။ ထိုအရာသည်ထာဝရသမုဒ္ဒရာထဲမှ အချိန်ထုတ်ယူခြင်းကိုရည်ညွှန်းပါသည်။

ထာဝရဟူသည် ကမ်းခြေမဲ့သမုဒ္ဒရာပေတည်း။
အချိန်ဟူသည် ကုန်ဆုံးခြင်းမရှိပါ။
ခဏခဏအချိန်သည် အမြဲတမ်းရှိစမြဲပါ။
ဘုရားသခင်သည် ထာဝရအသက်ရှင်လျက်နေပါသည်။

ဤဘဝသည် ကမ်းခြေမဲ့ထာဝရအချိန်၏ သဲတစ်ပွင့်သာဖြစ်သည်ဟု မရေတွက်တတ်သော ကမူ၊ ဤအရာကို ကျိုးကြောင်းဆက်စပ်နိုင်မည်မဟုတ်ပါ။ သူ၏လုပ်ငန်းအားလုံးသည် ဤအသိတရားအား ဖြင့်ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်၊ သူသည်ထာဝရတန်ဖိုးကို သုံးသပ်ပြီးအသက်ရှင်သင့်သည်။ **Milan Cathedral** က ကပ်နေသည့် တံခါးသုံးပေါက်ပိုင်ဆိုင်နေသည်ဟု ပြောပါသည်။ ပထမတံခါးမှာ "ကျွန်ုပ်တို့ကိုပျော်ရွှင်စေသောအရာအားလုံးသည် ခဏတာအတွက်သာဖြစ်သည်" စာတမ်းရေးသားထား သောနှင်းဆီပန်း ကုံးဖြစ်သည်၊ တတိယမြောက်တံခါးသည် "ကျွန်ုပ်

တို့ကိုဒုက္ခပေးသောအရာအားလုံးသည် ခဏတာအတွက်သာဖြစ်သည်ဟူသောစကားလုံး နှင့်အတူ ကြက်ခြေခတ်လျှက်ဖုံးအုပ်ထားပါသည်။ အလယ်ဗဟို၌ရှိသော တံခါးပေါက်မှာမူ "ထာဝရ သာလျှင် အရေးကြီးသောအရာတစ်ခုတည်းဖြစ်သည်"ဟု သတိပေးသောတံခါးဖြစ်ပါသည်။

ခရစ်ယာန်ဖြစ်သည့်အားလျော်စွာ၊ ကျွန်ုပ်တို့သည် ထာဝရဟူသော အချက်ကိုခိုင်မြဲစွာ ချုပ်ကိုင်ထားရပါမည်၊ ကျွန်ုပ်တို့သည် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော အမှန်တရားနှင့် အတူမိမိကိုယ်ရေးကိုယ်တာအကြောင်းကို ပြောကြရမည်ဖြစ်ပါသည်။ ထို့နောက် ဆက်လက်သွား သောအခါ ကျွန်ုပ်တို့မျက်စိထဲ၌ထူးဆန်းသည့် မီးရောင်ရှိလာမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ အစီအစဉ် သည် အချိန်မှီအဆုံးမသတ်နိုင်မည်ဟူသော ထူးဆန်းသည့် ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့စိတ်ထဲ၌ရှိ လာမည်။ ယခုအချိန်အတွက်မဟုတ်ဘဲ ကျွန်ုပ်တို့သည် ထိုအချိန်အတွက်အသက်ရှင်ရမည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၅

### တန်ဖိုးကြီးသောအချိန်

ဘဝရေစီးကြောင်းကို ရိုးသားစွာရင်ဆိုင်ဖို့ရန် ရှာဖွေနေသောခရစ်ယာန်လူငယ်များအနေဖြင့် ငယ်ရွယ်ခြင်းသည် အရာအားလုံးထက် တန်ဖိုးကြီးသောအချိန်ဖြစ်ကြောင်းကို အသိအမှတ်ပြုရပါ မည်၊ ထိုအချိန်သည် လူတစ်ယောက်၏ တန်ဖိုးအကြီးဆုံးသောအချိန်၊သူ့အာရုံထက်မြက်သည့်အချိန်၊ သူ့စိတ်ဝင်စားမှုပြည့်စုံသောအချိန်ဖြစ်ပါသည်။

ဘုရားသခင်သည် ငယ်ရွယ်သောသူများအတွက်အထူးတလဲချစ်ခြင်း မေတ္တာ ရှိကြောင်းကို ယေရမိအနာအတ္တိကျမ်း၂း၂ တွင်ရှင်းလင်းစွာဖော်ပြထားပါသည်။-"အော်ဟစ်ရမည့်အရာဟူ မူကား ထာဝရဘုရားက၊ လယ်မလုပ်သောတောအရပ် ၌ သင်သည် ငါ့နောက်သို့လိုက်သောအခါ အသက်အရွယ်နုနယ်၍ ခံရသောကျေးဇူးကိုငါ၊ ထိမ်းမြားပေးစားခြင်းနှင့် ယှဉ်သောချစ်ခြင်း မေတ္တာကိုငါ၊ ငါအောက်မေ့၏။"

ငယ်ရွယ်ခြင်း၌တစ်စုံတစ်ခုရှိပါသည်၊ သဘာဝရပ်တည်မှုအရ ကျွန်ုပ်တို့သည် အိမ်ကြို အိမ် ကြား၌ရှိသော ကြောင်တစ်ကောင်ထက် မြူးတူးပျော်ပါးနေသည့် ကြောင်ငယ်လေးကိုပို၍ နှစ်သက် ကြပါသည်။ စားကျက်မြေ၌ရှိသော မြင်းကလေးသည် ချွတ်ယွင်းနေသည့် မြင်းမထက် ကျွန်ုပ်တို့ အာရုံကိုပို၍ ဖမ်းစားနေပါသည်။ ထို့နောက် ရောက်တတ် ရာရာ၌ ကလေးငယ်များကိုစိုးရိမ်ပူပန်ပြီး သက်ကြီးရွယ်အိုမဖြစ်စေချင်သောဆန္ဒရှိကြပါသည်။

ထိုနည်းတူစွာ ဝိညာဉ်နယ်ပယ်၌လည်း အချစ်ဦးအတွက်စိတ်အားထက်သန်သောကြောင့် လူငယ်များ၏အသက် အရွယ်နုနယ်၍ခံရသောကျေးဇူးကို ဘုရားသခင်ကအထူးအာရုံစူးစိုက်ပါ သည်။ လူငယ်များ၏ ခွန်အား၊ စိတ်ဝင်စားမှု နှင့်ရဲစွမ်းသတ္တိများကို ဘုရားသခင်က နှစ်သက်ပါသည်၊ ဘုရားသခင်အတွက် သူတို့၏ရေတွက်၍မရသော မြှုပ်နှံခြင်း၊ စိတ်ဓါတ်ပြင်းပြသည့်နောက်လိုက် တပည့်ဖြစ်ခြင်း၊ သေချာစဉ်းစားပြီးမှ အကျင့်ဆိုးများ အရှုံးပေးခြင်းကို သတိရအောက်မေ့နေပါ သည်။ "အသက်အရွယ်နုငယ်၍ ခံရသောကျေးဇူးကိုငါ၊ ထိမ်းမြားပေးစားခြင်းနှင့် ယှဉ်သော ချစ်ခြင်းမေတ္တာကိုငါ၊ ငါအောက်မေ့၏"အသက်(၃၀)မပြည့်ခင်ငယ်ရွယ်သည့်အချိန်၌ပင်လျှင် အောင်မြင်ခြင်းကို ဆွတ်ခူးနိုင်သည့်အချိန် ဖြစ်ပါသည်။ **Virgil** သည် လာတင်ကဗျာစပ်ဆိုသူများ ခေါင်းဆောင်အဖြစ်ရပ်တည်သည်၊ **Luther** သည် ပြန်လည်ပြုပြင်ခြင်းအမှု၌ ဦးဆောင်သောသူ တစ်ဦးဖြစ်သည်။ **New Ton** သည်လည်း စူးစမ်းရှာဖွေလေ့လာသူရာထူး၌ ရှေ့ဆောင်ဖြစ်ပါသည်။

အသက်(၂၈)နှစ်မတိုင်ခင်မှာ Herodotus က အိုလံပစ်ပြိုင်ပွဲကစားသည့်နေရာ၌ သူ၏ပုံပြင်စာအုပ်ကိုးအုပ်ကို အလွတ်ရွတ်ဖတ်ပြခဲ့ပြီး Hannibal က စပိန်နိုင်ငံကို Carthage စစ်တပ်လက်အောက်ခံအဖြစ်ခေါ်ဆောင်ခဲ့ပါသည်။ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်တွင် Demosthenes သည် Greece နိုင်ငံ၏ ရှေ့ပါးစပ်ပိုင်ရှင်ဖြစ်ပြီး Cicero သည် ရောမနိုင်ငံ၏ ငွေလျှာပိုင်ရှင်ဖြစ်သည်။ ဤအရွယ်၌ Raphael ကို မွမ်းမံခြယ်လှယ်ဖို့ရန် Julius II က ဆင့်ခေါ်ခဲ့ပါသည်။

## သင်၏ အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၆

အသက်နှစ်ဆယ့်ငါးနှစ်၌ Shakespeare သည် ပြဇာတ်နှင့်ဆိုင်သော စာရေးသူအားလုံး၏ ခေါင်းဆောင်ဖြစ်လာသည်။ R သက် နှစ်ဆယ်အရွယ်၌ Alexander က Persian အင်ပါယာကို မှောက်လှန်ခဲ့ပြီး Napoleon နှင့် Washington ကို ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ်ထားခဲ့သည်။ အသက်နှစ်ဆယ်၌ plato သည် Socrates ရင်းနှီးကျွမ်းဝင်သော တန်းတူသူငယ်ချင်းဖြစ်ပြီး Aristotle သည် အသက်ဆယ်ခုနှစ်နှစ်အရွယ်တွင်“သူ့ကျောင်းတော်ကြီး၏ စိတ်ဓါတ်”ဟု တင်စားခေါ်ခြင်းခံခဲ့ပါသည်။ pascal သည် အသက်ဆယ့်ကိုးနှစ်တွင် ကြီးမားသော သင်္ချာပညာရှင်ဖြစ်လာပြီး Bacon သည်လည်း သူ၏ ဒဿနိကဗေဒ အခြေခံကိုအောက်မြစ်ချသည့်အချိန်တွင် Jonathan G Edwards ESifh George White Field တို့သည် တရားဟောဆရာများအလယ်၌ မင်းသားဖြစ်လာကြပြီး အသက်သုံးဆယ်၌ ခရစ်တော်သည် လောကကြီးကို ပြောင်းလဲစေမည့်သူ၏ ကယ်တင်ခြင်းတရားတော်ကို အသံလွှင့်ခဲ့ပါသည်။

တစ်ဘက်မှာမူ သက်ကြီးရွယ်အိုအချိန်သည် ကျွန်ုပ်တို့၏အကောင်းဆုံးသောတန်ခိုးကို အသုံးပြုနေသည့်အချိန်ဖြစ်သည်။ လက်များတုန်ခါလာပြီး ခြေထောက်များသည်ခန္ဓာကိုယ်အလေးချိန်အောက်၌ ဦးညွှတ်နေပါသည်၊ သွားသည် အနည်းငယ်မျှသာကျန်ရစ်ပြီး မျက်စိသည်လည်း မှိန်လာပါသည်။ နားကမူ အီလက်ထရစ်ပံ့ပိုးမှုလိုအပ်လာပြီး လွှားလာလှုပ်ရှားမှုအပိုင်းမှာလည်း အားနည်းလာပါသည်။ အသက်ကြီးလာပြီးဖြစ်သည့်အားလျော်စွာ အိပ်၍မရခြင်း၊ ကြောက်ရွံ့တတ်ခြင်း၊ ခံတွင်းပျက်ခြင်းနှင့်ကျန်းမာရေးချို့တဲ့ခြင်းများဖြစ်ပေါ်လာပါသည်။ အိုမင်းခြင်းသည်မောပန်းနွမ်းနယ်ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ - တရားဟောဆရာ၏ စကားလုံးများသည် မည်မျှဆီလျော်သနည်း?

ငါနေ၍မပျော်နိုင်ဟုဆိုရသောကာလသည် မနီးဆိုသောကာလမရောက်မှီ ယခုအသက် ပျိုစဉ်အခါပင် သင့်ကိုဖန်ဆင်းတော်မူသောအရှင်ကို အောက်မေ့လော့၊ (ဒေသနာကျမ်း ၁၂း၁)။

နုပျိုခြင်းအချိန်သည် ကိုယ်တော်ကိုအောက်မေ့ရမည့်အချိန်၊ ကယ်တင်ခြင်းအတွက်သာမဟုတ်ဘဲ၊ သူ့အတွက် အမှုတော်ထမ်းဆောင်ရန် ဆန္ဒရှိရမည့်အချိန်လည်းဖြစ်ပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၇

အကယ်၍ နုပျိုသောခရစ်ယာန်တို့သည် နောင်အချိန်၌ ပြုလုပ်၍မရသောအရာများ ယခုအချိန်တွင် ပြုလုပ်၍ရသောအချိန်ဖြစ်ကြောင်းကို နားလည်သဘောပေါက်နိုင်ခဲ့လျှင် လူငယ်တစ်ယောက်၏ သက်သေခံချက်၌ သူနှင့်ရွယ်တူဖြစ်နေသည့် အခြားလူငယ်များအတွက် ထူးဆန်းသောတန်ခိုးရှိပါသည်။ လောကီသားတို့သည် လူငယ်ဖြစ်ခြင်းသတ္တိနှင့် စိတ်အားထက်သန်မှု၊ သက်ကြီး

ရွယ်အိုများ၊ အယူသည်းသည့်နေရာ၌ နစ်မွန်းနေကြပါသည်။ သက်ကြီးရွယ်အိုများကြောက်ရွံ့နေကြသည့် တိုက်ပွဲကို လူငယ်များကစွန့်စားချင်စိတ်ရှိကြပြီးခရစ်ယာန်တိုက်ပွဲဆိုင်ရာစိန်ခေါ်ခြင်းကိုလည်း တိုးပွားစေပါသည်။

မြောက်များစွာသောယုံကြည်သူများသည် သူတို့၏လုပ်ငန်းနှင့်ပတ်သက်ပြီး မရေရာမသေချာသောအတွေးနှင့် တစ်ချိန်ချိန်၌ခရစ်တော်အတွက် အသက်ရှင်ဖို့ရန် စီစဉ်ကြပါသည်။ငွေကြေးချမ်းသာ ပြီးနောက် အလုပ်မှ အငြိမ်းစားယူပြီးနောက် တစ်နည်းအားဖြင့် သက်ကြီးရွယ်အိုဖြစ်ပြီးနောက်စသည်ဖြင့်စီစဉ်နေကြပါသည်။ ဘုရားသခင်သည် ဘဝဖြုန်းတီးခြင်းကိုမလိုလားပါ။ တစ်ဘဝလုံးနှင့်အကောင်းဆုံးသောအရာကိုသာ အလိုရှိပါသည်။ ဓမ္မဟောင်းကျမ်းစာထဲ၌ ဘုရားသခင်သည်ပြည့်စုံသောဇစ်ပူဇော်ခြင်းကိုလိုလားကြောင်းဖော်ပြထားပါသည် သူ၏တောင်းဆိုချက်သည်မပြောင်းလဲပါ ကျွန်ုပ်တို့သည်လည်း ခွဲခြားသိမြင်နိုင်ပါလျှက်နှင့် ဘုရားသခင်ကို အိုမင်းမစွမ်းသည့်အရာကိုအဘယ်သို့ပေးကမ်းနိုင်မည်နည်း?၊မဖြစ်သင့်ပါ။ ကျွန်ုပ်တို့ကိုတောင်းဆိုနေသောအရာသည်ကျွန်ုပ်တို့၏အကောင်းဆုံးသောအရာဖြစ်ပြီး ၎င်းသည် ကျွန်ုပ်တို့၏ ငယ်ရွယ်နုပျိုခြင်းသာဖြစ်သည်။

ခရစ်တော်သည် အကောင်းဆုံးကို နှစ်သက်၏။ လွန်ခဲ့သောအချိန်၌ သိုးအုပ်ထဲကအကောင်းဆုံး၊ ဂျုံစပါးထဲက အကောင်းဆုံးကိုတောင်းဆိုခဲ့သည်။ သူကပိုင်ဆိုင်လျက်ရှိသောသူတို့၏ တောက်ပသော မျှော်လင့်ခြင်း၊ ချမ်းသာခြင်း၊ အရည်အသွေးစသည်တို့ကို ဘုရားခင်၏ ခြေတော်ရင်း၌ချထားဖို့ရန် နူးညံ့သိမ်မွေ့စွာ တောင်းဆိုနေပါသည်။ အသေးငယ်ဆုံးသောအမှု၊ အနူးညံ့ဆုံးသော ချစ်ခြင်းများကို မေ့ပျောက်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၌ရှိသမျှအရာထဲက အကောင်းဆုံးကိုသာ ဘုရားသခင်ကတောင်းဆိုနေပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း — ၁၈

ခရစ်တော်က အကောင်းဆုံးကိုပေးထားပါသည်။ ကျွန်ုပ်တို့ပေးကမ်းထားသည့် နှလုံးသားကိုယူဆောင်ပြီး သူ၏ကျက်သရေရှိသော လှပခြင်း၊ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းဖြင့် ဖြည့်ဆည်းနေပါသည်။

သူ၏အမှုတော်မြတ်၌ကျွန်ုပ်တို့သည်ပို၍ခွန်အားရှိလာပြီး ခမ်းနားကြီးကျယ်သော အောင်မြင်ခြင်းရရှိရန် ဆင့်ခေါ်ခြင်းသည် တိုးပွါးလာပါသည်။ ကောင်းကင်နှင့်မြေကြီးအပေါ်၌ ရှိသော အကောင်းဆုံးအရာသည် ခရစ်တော်ထံမှရရှိခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ အကောင်းဆုံးသည် များပြားနေသလား? အိုသူငယ်ချင်းတို့ အောက်မေ့သတိရကြရအောင်။

ကျွန်ုပ်တို့၏အရှင်သခင်သည် သူ့ဝိညာဉ်ကို ကျွန်ုပ်တို့အတွက် မည်ကဲ့သို့ သွန်းလောင်းခဲ့ကြောင်း၊ သူ၏တန်ဖိုးကြီးမားလှသော အသက်ကို လက်ဝါးကားတိုင်ပေါ်၌ ပေးဆပ်ခဲ့ကြောင်း၊ သခင်တကာ့သခင်၊ သူ့အားဖြင့် လောကကိုဖန်ဆင်းသောသူ၊ ခါးသီးသော ဝမ်းနည်းကြေကွဲခြင်းနှင့်မျက်ရည်အားဖြင့် သူ့၌ရှိသောအကောင်းဆုံးအရာကို ကျွန်ုပ်တို့အားပေးခဲ့ပါသည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီလ(၈)ရက်နေ့တွင် ခရစ်ယာန်မာတုရဖြင့် အသက်နှစ်ဆယ်ခုနှစ်နှစ်အရွယ်၌ အီကွေတာတွင် အသက်စွန့်သွားခဲ့သော **Peter Fleming** သည် သူ့၌ရှိသောအကောင်းဆုံးအရာဖြစ်သည့် ငယ်ရွယ်နုပျိုခြင်းခွန်အား၊ အရည်အသွေး၊ ချစ်ခြင်းမေတ္တာနှင့်အသက်ကိုခရစ်တော်အားပေးကမ်းဖို့ရန်ဖြစ်ပါသည်သူ၏မြင့်မြတ်သောရည်ရွယ်ချက်သည်သူ၏အနှစ်သက်ဆုံးသီချင်း

တစ်ပုဒ်ထဲ၌ကောင်းမွန်စွာဖော်ပြထားပါသည်။ကိုယ်တော်ကျွန်ုပ်၏ခွန်အားအပြည့်အစုံဖြင့်----။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၁၉

နုပျိုငယ်ရွယ်သည့်အချိန်ကို ဖြုန်းတီးခြင်းကြောင့် ဝမ်းနည်းကြေကွဲခြင်းသည် မည်သည့်အရာမှ အစားထိုး၍မရပါ။ ထို့ကြောင့် ယနေ့တွင် လူသားတိုင်းသည်"မိမိငယ်ရွယ်နုပျိုသော အချိန်၏ အတ္ထုပ္ပတ္တိသည် မည်ကဲ့သို့ဖြစ်လာမည်နည်း?" ဟုမိမိကိုယ်မိမိမေးသင့်ပါသည်။ ဘုရားသခင်အမှု၌ စိတ်မပါတပါဖြစ်သောကြောင့် စိတ်ပျက်ဖွယ်ကောင်းသော မှတ်တမ်းဖြစ်မလား၊ (သို့မဟုတ်) သခင်ယေရှုထံသို့ လုံးလုံးလျားလျားပုံအပ်ထားသော အသက်တာခံစားချက်ကို ဖော်ပြသောအရာဖြစ်မလား။

ယနေ့၌ သင်၏အတ္ထုပ္ပတ္တိသည် ရေးနေဆဲဖြစ်ကြောင်းကို အောက်မေ့လော့။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၂၀

**ထာဝရအတွက် တန်ဖိုးရှိသောပညာ**

ပညာကို ကိုးကွယ်နေသည့်အသက်အရွယ်တွင်ခရစ်ယာန်လူငယ်များအတွက်အသိပညာကို ဆာငတ်နေရာမှ သူတို့ကိုမှန်ကန်သောသင်ကြားပေးခြင်း၊ တန်ဖိုးခံစားစေဘို့ရန်လမ်းပြပေးမည့်ကြီးမားသောသမ္မာတရား တစ်စုံတစ်ခုကို သတိထားစောင့်ကြည့်ဖို့ရန်အရေးကြီးပါသည်။

ပထမဦးစွာ ကျွန်ုပ်တို့နားလည်သဘောပေါက်ရမည်မှာ ကောင်းကင်နိုင်ငံရောက်ကြသည့် အချိန်တွင် ကျွန်ုပ်တို့၌ ပြည့်စုံသော အသိပညာရှိမည်မဟုတ်ပါ။ ဘုရားသခင်သာလျှင်ခပ်သိမ်းသော အရာကို နားလည်သောဘုရားဖြစ်ပါသည်။ ထိုအစွမ်းအစသည် သူ့၌သာရှိပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်မဖြစ်နိုင်ပါ။ အမြဲတမ်းသင်ကြားရမည့်သူများဖြစ်ပါသည်။ ၎င်းကိုနားလည်သဘောပေါက်သည့်အချိန်တွင် ထာဝရအတွက်ကျွန်ုပ်ပြင်ဆင်ခြင်းသည် သက်ရောက်မှုရှိပါလိမ့်မည်။

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံ၌ပင်လျှင် ဆက်လက်သင်ကြားမည့်အကြောင်းကို သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဥပမာအားဖြင့် ဧဖက်သြဝါဒစာ ၂း၇ တွင် ဘုရားသခင်ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည့်အကြောင်းကို ရှင်ပေါလုက ဖော်ပြထားပါသည်။ အကယ်၍ဘုရားသခင်က တစ်စုံတစ်ခုကို အမြဲတမ်းဖွင့်ပြနေခဲ့လျှင် ထိုအရာကို ကျွန်ုပ်တို့က ဆက်လက်၍ သင်ကြားမည်ဖြစ်ကြောင်းရှင်းလင်းနေပါသည်၊ ထိုကဲ့သို့ဖြစ်ရပါမည်၊ အကြောင်းမူကား ဘုရာသခင်က မကုန်ခမ်းနိုင်သော ဘုန်းတန်ခိုးတော်ကို ပြည့်စုံစွာသင်ကြားပေးမည်မဟုတ်ပါ။ စာတန်ကသခင်ယေရှုကို တစ်ခဏအတွင်းပေးကမ်းရမည့် လောကစည်းစိမ်ကို ပြသနိုင်သော်လည်း ဘုရားသခင်ကရှာဖွေ၍မရသောခရစ်တော်၏ချမ်းသာခြင်းအကြောင်းကိုကွက်ကွက်ကွင်းကွင်းဖော်ပြရလိမ့်မည်။ ထိုအရာသည် အဆုံးမရှိသော အံ့သြဖွယ်ချစ်ခြင်းမေတ္တာဖြစ်ပြီး သူ၏ခြေတော်ရင်း၌ အလွန်ဝမ်းမြောက်သော ကျောင်းသားကဲ့သို့ အဆုံးမရှိ သင်ကြားမည်ဖြစ်ပါသည်။ ဤအရာကို ဆန့်ကျင်သည့်သဘောဖြင့် ကောင်းကင်နိုင်ငံတွင် ခပ်သိမ်းသောအရာကို သိရှိနားလည်မည်ဟု အဓိပ္ပါယ်ပေါက်စေသည့် ကျမ်းပိုဒ်တစ်ခု(သို့မဟုတ်)နှစ်ခုရှိပါသည်။ ဥပမာ-ရှင်ယောဟန်က သူ၏သြဝါဒစာ ပထမစောင်တွင်ခရစ်တော်ကဲ့သို့ဖြစ်မည့်အကြောင်းပြောပါသည်။ မည်သို့ဖြစ်စေကာမူ ထိုတူညီခြင်းအဓိပ္ပါယ်သာဖြစ်ပါသည်။ အပြစ်မှကင်းလွတ်ခြင်းအားဖြင့် သူကဲ့သို့ဖြစ်ရပါမည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၂၁

ထို့နောက်ကောရိန္သုဩဝါဒစာ ပထမစောင် ၁၃း၀၂ တွင် ရှင်ပေါလုက သူတစ်ပါးသည်ငါ့ကို သိသကဲ့သို့ ကျွန်ုပ်တို့သိရလိမ့်မည်ဟု ပြောထားပါသည်။ ၎င်း၏အဓိပ္ပါယ်မှာ ကောင်းကင်နိုင်ငံတွင် ကျွန်ုပ်တို့ချစ်သောသူများကို မှတ်မိရမည့်အကြောင်းသာဖြစ်ပြီး ခပ်သိမ်းသောအရာကို သိရှိနားလည်နိုင်မည့် စုံလင်သောအသိပညာပိုင်ဆိုင်မည့်အကြောင်းမဟုတ်ပါ။ အကြောင်းမူကား ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်ထက်ပို၍ နိမ့်ကျသော ဖန်ဆင်းသောအရာသာဖြစ်ပြီး ကျွန်ုပ်တို့ပိုင်ဆိုင်သော ဉာဏ်ပညာသည်လည်း ကန့်သတ်ချက်ရှိရပါမည်။

ကျွန်ုပ်တို့သည်ကောင်းကင်နိုင်ငံ၌ ကျောင်းသားများဖြစ်မည့်အကြောင်းကို သဘောတူပါက ကျွန်ုပ်တို့မေးရမည့်မေးခွန်းမှာ“ကောင်းကင်နိုင်ငံရောက်နေသည့်အခါ ကျွန်ုပ်၌မည်ကဲ့သို့သော အသိပညာရှိမည်နည်း?။အဖြေမှာ“လောကကိုစွန့်ခွါသွားသည့်အချိန်တွင် သင့်၌ရှိနေသည့်အသိပညာ”ဟု တိုက်တွန်းချင်ပါသည်။ ထိုအသိပညာကို တိုးပွားစေနိုင်သည့် အစွမ်းကမူ အမြဲတမ်းရှိနေမည်ဖြစ်ပါသည်။

အကယ်၍၎င်းကမှန်ကန်နေခဲ့လျှင် အလွန်ကြီးမားစွာ ထင်ရှားနေပါသည်။ ၎င်းကကျွန်ုပ်တို့ကို ကောင်းကင်နိုင်ငံ၌ ရေတွက်၍မရသောလောကပညာရှိခြင်းအတွက်မိမိတို့တသက်တာကို မိုက်မဲစွာမြှုပ်နှံနိုင်မည့်အကြောင်းနားလည်သဘောပေါက်စေပါသည်။သင်၏ဘဝပန်းတိုင်သည် အခြားတစ်စုံတယောက်အကြောင်းမဟုတ်ဘဲ၊သိပ္ပံပညာ(သို့မဟုတ်)စာပေ(သို့မဟုတ်)နိုင်ငံရေးဆန္ဒတို့ကိုပို၍သိရှိနားလည်ရန်အတွက်ဖြစ်နိုင်ပါသည်။ထိုပန်းတိုင်ကိုသင်သည်ရောက်ရှိနိုင်ပါလိမ့်မည်။သို့သော်ထိုအရာသည်ကောင်းကင်နိုင်ငံ၌ကောင်းကျိုးရှိမလား။ထိုကဲ့သို့သောကြီးမားသည် လုပ်ငန်းသည်ထာဝရအလင်းဖြင့်ကြည့်ရှုနေသည့်အချိန်တွင်အလွန်ကြီးမားစွာလေးနက်မှုမရှိသကဲ့သို့ဖြစ်ပါသည်။

အခြားတဖက်မှာမူဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေးနက်စွာကြုံတွေ့ခြင်းသည်ထာဝရတန်ဘိုးရှိကြောင်းထင်ရှားနေပါသည်။ဤနေရာ၌ကျွန်ုပ်တို့သင်ကြားနေသည့်ကျမ်းစာအကြောင်းသည်ထာဝရအတွက်ရင်းနှီးမြှုပ်ခြင်းဖြစ်ပါသည်။အကြောင်းမူကားကျွန်ုပ်တို့သည်ကောင်းကင်နိုင်ငံ၌ပင်သမ္မာကျမ်းစာအတိုင်းနေရမည်ဖြစ်သည်“ကောင်းကင်နှင့်မြေကြီးမတည်သော်လည်းငါ့စကားတည်လိမ့်မည်”ထို့နောက်ဆာလံသီချင်းစပ်ဆိုသူက၊“ကိုယ်တော်ဘုရား၊ကိုယ်တော်၏စကားသည် ကောင်းကင်ဘုံ၌ထာဝရတည်လျက်နေ၏” ဟုရေးသားထားခဲ့ပါသည်။ကျွန်ုပ်တို့အလွတ်ကျက်မှတ်ထားသည့်ကျမ်းပိုဒ်အတိုင်းသင်ယူလေ့လာခဲ့သောအခန်းကြီးတိုင်း၊ကျမ်းစာ၌သင်ကြားသမျှအရာတို့သည်နောင်ဘဝအတွက်အကျိုးရှိကြောင်းပြသထားပါသည်။

ကောင်းကင်နိုင်ငံတွင်ကျွန်ုပ်တို့အားလုံးသည်တန်းတူဖြစ်ကြမည်ဟူသောထင်မြင်ချက်သည်ကျမ်းစာနှင့်လုံးဝကိုက်ညီခြင်းမရှိပါ။ကျမ်းစာသင်ကြားပေးသည်မှာအပြစ်ကျူးလွန်သောသူများအတွက်ဒဏ်ပေးခြင်းဒီဂရီမတူညီသကဲ့သို့ကယ်တင်ခဲ့သောသူတို့၌လည်းမတူညီသောဆုချခြင်းရှိလိမ့်မည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၂၂

ကောင်းကင်နိုင်ငံတွင်အားလုံးပျော်ရွှင်မည်ဖြစ်သော်လည်း၊အချို့သောသူတို့သည်အခြားသူများထက်ပို၍ကြီးမားသောပျော်ရွှင်ခြင်းခံစားရမည်ဖြစ်ပါသည်။အမှန်စင်စစ်ကျွန်ုပ်တို့အပေါ်၌

သခင်ယေရှု၏တန်ဘိုးဖြတ်ခြင်းသည်နှုတ်ကပတ်တော်အားဖြင့်သူ့ကိုမည်ကဲ့သို့သိရှိကြောင်းအချိုးအစားပေါ်၌မူတည်ပါသည်။လူတိုင်း၏ခွက်ဖလားသည်ပြည့်လျှံလိမ့်မည်သို့သော်လည်းအချို့သောသူတို့သည်အခြားသူများထက်ပို၍ကြီးမားသောခွက်ဖလားရှိလိမ့်မည်။ကျွန်ုပ်တို့သည်ဘဝတွင်လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းနှင့်သင့်တော်သောအလုပ်၌ခန့်အပ်ထားခြင်းအတွက်လိုအပ်သော"လောကီဆိုင်ရာ"ပညာဗဟုသုတများကိုစုပုံထားသင့်ပါသည်။ဤအကြောင်းကြောင့်အချို့သောသူတို့သည်ကောလိပ်ပညာသင်ယူပြီး၊အချို့သည်ခေတ်မှီပညာများရရှိရန်အတွက်အထူးသင်တန်းများတက်ရောက်သင်ကြားနေပါသည်။သို့သော်လည်းဤကဲ့သို့သောပညာသည်ဘဝ၌အကြီးမားဆုံးသောအရာမဟုတ်ကြောင်းကိုအောက်မေ့ဖို့ရန်အရေးကြီးပါသည်။ဤအရာသည်အောင်မြင့်ခြင်းခြေလှမ်း၊အသက်မွေးဝမ်းကြောင်းရှိခြင်းသက်သက်သာဖြစ်ပြီးခရစ်တော်ကိုသိရှိခြင်းအရာသည်ကျွန်ုပ်တို့၏ထိပ်တန်းအရေးကြီးဆုံးပန်းတိုင်အဖြစ်ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလစ်လျူရှုပြီးပညာကိုသာအမြင့်မားဆုံးပန်းတိုင်အဖြစ်ထားရှိခြင်းသည်ခွင့်မလွှတ်နိုင်သောအရာဖြစ်ပါသည်။ထိုကဲ့သို့သောလမ်းကိုလိုက်လျှောက်ခြင်းသည်မိုက်မဲခြင်းဖြစ်ကြောင်းကိုထို့နေ့ရက်ကဖွင့်ပြလိမ့်မည်။

## သင်၏အနာဂတ်ကိုစဥ်းစားတွေးတောခြင်း–၂၃

အကယ်၍ကောင်းကင်နိုင်ငံ၌အရာအားလုံးကိုနားလည်နိုင်သည့်ပြည့်စုံသောပညာသည်ကျွန်ုပ်တို့၌မရှိခဲ့လျှင်ဤနေရာ၌ကျွန်ုပ်တို့သင်ယူနေသောအရာသည်ကောင်းကင်နိုင်ငံသို့ယူဆောင်သွားသောအရာဖြစ်ပါသည်။ထို့ကြောင့်ကျွန်ုပ်တို့သည်ယခုမှစ၍ထိုအရာအတွက်မိမိကိုယ်မိမိပြင်ဆင်ရှာဖွေရပါမည်။ကောင်းကင်နိုင်ငံ၌အသုံးမဝင်သောလောကီဆိုင်ရာသင်ကြားခြင်းနှင့်ကျွန်ုပ်တို့၏တသက်တာကိုမြှုပ်နှံခြင်းမပြုရန်သတိထားရမည်။ကောလိပ်ဒီဂရီများကိုမှန်ကန်သောနေရာ၌အသုံးပြုတတ်ရမည်ဤလောက၌သခင်ဘုရား၏အမှုတော်မြတ်ခြင်းကိုပို၍အကျိုးရှိစွာထမ်းဆောင်နိုင်ရန်တန်ဆာပလာအဖြစ်အသုံးပြုရမည်။ ကျွန်ုပ်တို့သည်သမ္မာကျမ်းစာကိုစာရေးသူအမြင်နှင့်ဖွဲ့စည်းပုံအနေအထားများကိုကောင်းမွန်စွာသိရှိနားလည်ပြီးကျွန်ုပ်တို့အသက်တာ၌မှန်ကန်လေးနက်စွာအသုံးချရပါမည်။

မှန်ပါသည်ကောင်းကင်နိုင်ငံ၌တိုးတက်မှုရှိပါလိမ့်မည်ကျွန်ုပ်တို့သည်ကောင်းကင်နိုင်ငံ၌လည်းဆက်လက်၍ သင်ကြားရလိမ့်မည်ထိုသင်ခန်းစာညွှန်ကြားချက်အပေါ်ကျွန်ုပ်တို့၏ပျော်ရွှင်ခြင်းသည်ယခုတွင်သမ္မာကျမ်းစာဖြင့်ကျွန်ုပ်တို့၏လုပ်ဆောင်နေရသည့်အရာအပေါ်၌မူတည်နေလိမ့်မည်။

## သင်၏အနာဂတ်ကိုစဥ်းစားတွေးတောခြင်း – ၂၄

**သင်၏အနာဂတ်ကိုကိုယ်တိုင်ရွေးချယ်၏**

ကြီးမားသောအတိုင်းအတာဖြင့် သင်၏အနာဂတ်ကိုသင်ကိုယ်တိုင်ဆုံးဖြတ်သည်ဟူသောသိရှိခြင်းသည် သင့်အတွက်တုန်လှုပ်ခြောက်ချားဖွယ်ကောင်းသောအရာဖြစ်သလား။ဘဝ၌သင်ဖြစ်ချင်သည့်အတိုင်းအမှန်တကယ်ဖြစ်လာပါသည်။တစ်စုံတစ်ခုကိုပြင်းထန်စွာဆန္ဒရှိပါက ရရှိကောင်းရရှိနိုင်ပါသည်။ဤအရာသည်အလွန်တန်ဘိုးရှိသောလျှို့ဝှက်ချက်နှင့်ကျယ်ပြန့်စွာသိသင့်သိထိုက်သောအရာဖြစ်ပါသည်။သင်၏မနက်ဖြန်သော့ချက်ကိုသင်ကိုယ်တိုင်ကိုင်ဆောင်နေပါသည်။

တစ်ညတွင် ဘုရားသခင်သည် ရှောလမုန်ဆီသို့ပေါ်လာပြီး အဘယ်အရာကိုသူကကြိုက်နှစ်သက်မည်ဖြစ်ကြောင်းမေးမြန်းနေသည်ကိုသင်ကသတိရအောက်မေ့ပါလိမ့်မည်၊ရှောလမုန်ကဉာဏ်ပညာနှင့် ဗဟုသုတကိုတောင်းဆိုပြီး၊ဘုရားသခင်ကသူတောင်းဆိုသောအရာနှင့်အတူချမ်းသာခြင်း၊ဥစ္စာဓနဂုဏ်သိက္ခာ၊အောင်မြင်ခြင်းနှင့်အသက်ရှည်ခြင်းစသည်တို့ကိုပေးခဲ့ပါသည်။

ထိုနည်းတူစွာလူတိုင်းကိုဘုရားသခင်က"လိုချင်သောအရာကိုတောင်းလော့ငါပေးမည်" ဟုပြောပါသည်။အခြေခံအားဖြင့်ကျွန်ုပ်တို့သည်တောင်းလျှောက်သောအရာကိုရရှိတတ်ကြပါသည် **Lord Roseberry** သည် လူငယ်ဖြစ်သည့်အားလျော်စွာ သူ၌ပြင်းပြသောရည်မှန်းချက်သုံးခုရှိသည်ဟုပြောခဲ့ကြပါသည်။

၁။ **Derby** ကိုအနိုင်ရချင်သည်။

၂။ သန်းကြွယ်သူဌေးသမီးနှင့်လက်ထပ်ချင်သည်။

၃။ ဝန်ကြီးချုပ်ဖြစ်ချင်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာအချိန်၌လူငယ်တစ်ယောက်သည် **Chicago** နေအိမ်ရှိကုတင်ဘေးနား၌ဒူးထောက်ပြီးဆာလံ၁၄၅း၁၉ကတိတော်အတိုင်းတောင်းဆိုကာအောက်ဖေါ်ပြထားသောအရာများကိုပြင်းပြစွာဆန္ဒရှိကြောင်းဘုရားသခင်ကိုပြောခဲ့ပါသည်။

၁။ နှုတ်ကပတ်တော်ရှိသဘောထားကြီးသောကျမ်းပိုဒ်များကိုအလွတ်ကျက်မှတ်နိုင်ရန်

၂။ စာစောင်များများရေးပြီးဖြန့်ပေးနိုင်ရန်

၃။ စာစောင်များကိုခရစ်ယာန်အမှုတော်ဆောင်များထံသို့အခမဲ့ပေးကမ်းနိုင်ရန်

၄။ ကယ်တင်ခြင်းသတင်းနှင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောနိုင်ရန်

၅။ ယုံကြည်သူများတိုးတက်ကောင်းမွန်စေရန်ဝိညာဉ်ဆိုင်ရာဆောင်းပါးများရေးသားနိုင်ရန်

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း–၂၅

**Tom Olson** ကိုသိသောလူတိုင်းသည်သူ၌သမားရိုးကျမဟုတ်သောကျမ်းလွတ်ရရှိခြင်းပါရမီရှိကြောင်းသိကြပြီးသူ၏ဒေသနာဝေငှခြင်းနှင့်ကျမ်းစာသင်ပေးခြင်းတို့သည်အများပြည်သူအကျိုးအတွက်အသုံးပြုပါသည်သူ၏ဆောင်းပါးများသည်ကျယ်ပြန့်စွာဖတ်ရှုကြပြီးသူ၏စာစောင်များကိုအခြားစာစောင်များထက်ပို၍ကျယ်ပြန့်စွာထုတ်ဝေခဲ့ပါသည်။ထို့ကြောင့်၄င်းကိုလူငယ်တိုင်း၏လက်ထဲ၌ရှိပါသည်။"သူတို့အတွက်အနာဂတ်သည်ကွက်လပ်ဖြစ်ပြီးသူ့စာမျက်နှာအပေါ်၌ရေးထားဖို့ရန်ရွေးချယ်ထားသောအရာကိုလက်ခံရန်အသင့်ရှိနေပါသည်"။

၄င်းကကျွန်ုပ်တို့ကို"သင်လိုချင်သောအရာအတွက်သတိထားပါ"ဟူသောအရာထံသို့ညွှန်ပြစေပါသည်။ထို့နောက်၎င်းအရာနှင့်ပတ်သက်ပြီးကြောက်မက်ဖွယ်ကောင်းသောနိဂုံးရှိပါသည်။

သတ္တုကျီသည့်မီးဖိုမှ သံသတ္တုရည်စီးဆင်းနေသည့်အချိန်တွင်းပုံစံတစ်ခုထဲ၌ဝင်ရောက်နိုင်ပါသည်။သို့သော်လည်းမကြာခင်မှာပင်အေးစက်၍မာကြောလာ ပြီးတူဖြင့်ထုကာသူ့ပုံစံထွက်ပေါ်လာပါသည်။အကယ်၍လူငယ်တိုင်းသည် သူတို့ငယ်ရွယ်နုပျိုခြင်း၏အစွမ်းအစကိုသိမြင်နိုင်ခဲ့လျှင် ငယ်ရွယ်ချိန်ဘဝဖြုန်းတီးခြင်းနှင့်မည်းမှောင်နေသည့်နေဝင်ခြင်းနည်းပါးလာပါလိမ့်မည်။

သေချာစဉ်းစားပြီးရွေးချယ်ခြင်းပြုလုပ်သောသူများအတွက်လွယ်ကူစွာမျှော်ပါနေသည့်သုံးယောက်

ရှိနိုင်သည်။သူတို့သည်ကံကြမ္မာ၏သားကောင်အဖြစ်မှတ်ယူကြသည်။သူတို့သည်ပျက်စီးဆုံးရှုံးသောသူများဖြစ်သည်သို့သော်လည်းသူတို့၏ရွေးချယ်မှုကိုသူတို့ကပြုလုပ်ပြီးငှင်းရွေးချယ်မှုသည်ရောက်လေရာရာအရပ်၌မျှောပါမည်ဖြစ်ပါသည်။

လူငယ်များသည်သူတို့၏လေးနက်သောရပ်တည်မှုနှင့်တန်ဘိုးမဖြတ်နိုင်သောရွေးချယ်ခြင်းစဉ်းစားသည့်နေရာမှနိုးထသင့်ပါသည်။ လိုချင်တောင့်တနေသော အရာအားလုံးနီးပါးသည်အမှန်တကယ်ဖြစ်လာနိုင်ကြောင်းကိုလည်းနားလည်သဘောပေါက်သင့်ပါသည်။ သို့ဖြစ်၍ သူတို့လိုချင်တောင့်တနေသောအရာသည်အဖိုးထိုက်သောရွေးချယ်ခြင်းဖြစ်ဖို့ရန် များစွာသတိထားသင့်ပါသည်။ အကယ်၍ဘုရားသခင်ကသင့်ကို"ဘဝ၌လိုခြင်တောင့်နေသောအရာကဘာလဲ"ဟုမေးခဲ့လျှင်သင်မည်သို့ပြောရမည်နည်း။သေချာနားထောင်ကြည့်ပါ၊သူကသင့်ကိုမေးနေပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၂၆

**ရည်မှန်းချက်–ပညာရှိ (သို့မဟုတ်) ကွဲလွဲခြင်း**

အဖိုးတန်သောဘဝရည်မှန်းချက်ကဘာလဲကျွန်ုပ်တို့သေဆုံးပြီးငါးမိနစ်အကြာ၌အဆုံးဆုရရှိဖို့ရန်မည်ကဲ့သို့သောလုပ်ငန်းကန္ဒမှသက်သေပြနိုင်မည်နည်း။

ကျွန်ုပ်တို့၏အချိန်၊ အရည်အသွေးနှင့်ဘဏ္ဍာတို့ကိုရင်းနှီးမြှုပ်နှံဖို့ရန်အကောင်းဆုံးနည်းလမ်းကဘာလဲပထမဦးစွာ"ချမ်းသာခြင်း"သည်ခရစ်ယာန်တစ်ယောက်အတွက်သင့်တော်သောပန်းတိုင်အဖြစ်သဘောတူကြစို့လား။

၁။ ပထမဦးစွာငှင်းကိုဘုရားသခင်ကရှင်းလင်းစွာတားမြစ်ထားပြီး (ရှင်မာသဲ၆း၁၉)၊ ထို့ကြောင့်ငှင်းသည် ကိုယ်ကျင့်တရားပျက်ပြားခြင်း(သို့မဟုတ်)လူကိုအသေသတ်ခြင်းကဲ့သို့ မှားယွင်းနေပါသည်။

၂။ ဒုတိယအနေဖြင့် ဉစ္စာဓနသည် ဝိညာဉ်အရာနှင့်ပတ်သက်ပြီး တိကျသောအဟန့်အတားဖြစ်သည်။(ရှင်မာကု၁၀း၂၃၊၂၄)။

၃။ ချမ်းသာခြင်းသည်လှည့်ဖြားတတ်၏(ရှင်မာကု ၄း၁၉)စစ်မှန်သည့်ဖြစ်ပုံပေါ်သော်လည်းမမျှော်လင့်ဘဲလျှင်မြန်စွာပျောက်ကွယ်သွားတတ်ပါသည်။

၄။ ကျွန်ုပ်တို့အတွက်ပုံဥပမာဖြစ်သောသခင်ယေရှုသည်ဆင်းရဲသောသူဖြစ်ပါသည်။ (၂ကော၈း၁၉)သူက ကျွန်ုပ်သည်သခင်ထက်မသာဟု အဆက်မပြတ်ပြောထားပါသည်။(ရှင်မာဘဲ၁၀း၂၄။၂၅)။

၅။ ချမ်းသာခြင်းကို ကောင်းကင်နိုင်ငံသို့ယူဆောင်၍မရပါ။(၂ ကော ၄း၁၈)။

၆။ ခရစ်ယာန်တစ်ယောက်သည် သူနှင့်ပတ်သက်သော ကမ္ဘာလောက၌ရှိသည့် ဆင်းရဲခြင်းနှင့်လိုအပ်ချက်များမြင်တွေ့နေသည့်အချိန်တွင်ဆက်လက်ပြီးမည်ကဲ့သို့ချမ်းသာစွာ အသက်ရှင်နိုင်မည်နည်းဟူသော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ပြဿနာရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာ၌ Ontarioသတင်းစာတွက် အောက်ပါအတိုင်း ရေးသားထားပါသည်။

**Listowel** မှ ကွယ်လွန်သွားသော **John Livingstone** သည် သေဆုံးသွားသည့်အချိန်တွင် **Perth** နိုင်ငံ **Ontario** ပြည်တွင်အချမ်းသာဆုံးဖြစ်ပါသည်။ သူ၏အိမ်ယာလယ်

မြေတန်ဖိုးသည် ဒေါ်လာ ၅၀၀,၀၀၀ဖြင့်အာမခံထားပါသည်။ သူသည်စကော့တလန်လူမျိုး နာမည်ကြီး သာသနာပြုပုဂ္ဂိုလ်ဖြစ်သည်။ **David Livingstone** ၏ညီကိုဖြစ်ပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၂၇

"ဤလုလင်နှစ်ယောက်သည် သူတို့၏ စကော့တလန်နေအိမ်တွင် အစောပိုင်း၌ကြီးမားသည့် ဘဝရွေးချယ်မှုပြုလုပ်ခဲ့ပါသည်။ **John** က"ကနေဒါနိုင်ငံကိုသွားပြီး ကံကြမ္မာကိုဖန်တည်းမည်"ဟု ပြောပြီး ထွက်သွားခဲ့ပါသည်။ **David** ကမူ သူ့အသက်တာကို ကယ်တင်ရှင် သခင်ယေရှု ခရစ်တော်ထံသို့အပ်နှံပြီး အာဖရိကနိုင်ငံရှိမယုံကြည်သောလူမဲများကိုကယ်တင်ခြင်း သတင်းကောင်းအားဖြင့် ထိုးဖောက်ဖို့ရန်ဘဝကိုစွန့်စားခဲ့ပါသည်။လောကီစီရင်ချက်အရ **John**သည်လိမ္မာပါးနပ်ပြီး**David** သည်ရူးအသောသူဖြစ်ပါသည်။သို့သော်လောကီရှုထောင့်သည် အတိုင်းထက်အလွန်အမြင်ကျဉ်း မြောင်းခဲ့ပါသည်။ **John** သည်လုပ်ငန်းအောင်မြင်ပြီး များစွာသောစည်းစိမ်ဥစ္စာပုံခဲ့သော်လည်း **David**သည်သူ့အသက်ကိုအာဖရိက၌မြှုပ်နှံပြီး တဲထဲ၌အထီးကျန်လျက်သေဆုံးသွားခဲ့သော်လည်း နှစ်ပေါင်းငါးဆယ် (သို့မဟုတ်) ခုနှစ်ဆယ်အကြာတွင်**John** နာမည်သည်ပျောက်ကွယ်သွားခဲ့ပြီး **David** ၏နာမည်ကမူ ကယ်တင်ခြင်းသတင်းကောင်းကြားသိရသည်။ကမ္ဘာတဝှမ်းလုံး၌မွှေးကြိုင်လျက်ရှိပါသည်။

သို့သော်လည်းချမ်းသာခြင်းသည် ကြီးမားသောအမှားတက်မက်မှုဖြစ်သည်လူ့ဘဝကိုပြင်းထန်စွာလှုံ့ဆော်သောအခြားအရာတစ်ခုမှာကျော်ကြားထင်ရှားခြင်းဖြစ်သည်။နာမည်ကြီးတစ်စုံတစ်ယောက်ဖြစ်ချင်ကြသည်၊အောင်မြင်ကျော်ကြားချင်ကြသည်၊ပေါ်လွင်စွာထင်ရှားကျော်ကြားချင်ကြသည်။

အချို့သောသူတို့သည်ဤကဲ့သို့သောဂုဏ်သရေကိုစီးပွားလုပ်ငန်းအားဖြင့်(သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအားဖြင့်ရှာဖွေနေကြပါသည်ထိုအရာအတွက်သူတို့၏အကောင်းဆုံးကိုပေးဆပ်ခဲ့ကြသည်ကုန်သွယ်ခြင်း(သို့မဟုတ်)သိပ္ပံပညာကိုအမြတ်တနိုးကိုးကွယ်ကြသည်။ဘုရားသခင်က"သင်သည်ကြီးစွားသောအရာတို့ကိုကိုယ်အဖို့ရှာသလော၊မရှာနှင့်။(ယေရမိ၄၅း၅)ဟုပြောနေသော်လည်းသူတို့သည်အောင်မြင့်မှုအတွက်အဆုံးမရှိရုန်းကန်ကြိုးပမ်းနေကြသည်။

အချို့သည်အားကစားနယ်ပယ်၌ဂုဏ်ထူးတံဆိပ်ကိုရှာဖွေနေကြသည်။အတင်းကြပ်ဆုံးစည်းကမ်းအောက်၌တင်းမာစွာသင်ယူနေကြသည်။အောင်မြင်မှုအတွက်ပူဇော်ခြင်းကိုဝမ်းပမ်းတသာပြုလုပ်နေကြသည်။ထို့နောက်ယှဉ်ပြိုင်ခြင်းအပူရှိန်၌ဆုဆွတ်ခူးဖို့ရန်အရွတ်နှင့်ကြွက်သားများကိုဆွဲတင်းနေကြသည်။သို့သော်လည်းမြင့်မြတ်သောကျမ်းစာရှင်းလင်းချက်မူကားဘုရားသခင်က "လူ၏အောင်မြင်ခြင်းကိုအားရနှစ်သက်မူခြင်းမရှိ"ဟုပြောပါသည်။(ဆာလံ၁၄၇း၁၀)။ဘုရားသခင်သည်အားကစား၌ဘဝကိုမြှုတ်နှံသောဘုရားမဟုတ်ပါ။အကြောင်းမူကားကိုယ်ကာယလေ့ကျင့်ခြင်းသည်ယခုဘဝအတွက်သာအကျိုးရှိပြီးဘုရားတရားသည်သာလျှင်ထာဝရအချိန်ကာလအတွက်အကျိုးသက်ရောက်နေပါသည်။(၁တိ ၄း၈)

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၂၈

အချို့သည်ဂုဏ်ထူးတံဆိပ်ကိုဉာဏ်ပညာအတွေးအခေါ်သမိုင်း (သို့မဟုတ်) တေးဂီတစသည် တို့၌ထူးချွန်ခြင်းဖြင့်ရှာဖွေကြပါသည်။သို့သော်လည်းကောင်းကင်နိုင်ငံ၌အသုံးမဝင်သောအရာကို

သင်ကြားခြင်း၌ ခရစ်ယာန်တို့၏တသက်တာကိုသုံးဖြုန်းခြင်းသည်နှုတ်ဖြင့်မြွက်ဆို၍မရသောဝမ်း နည်းကြေကွယ်ခြင်းဖြစ်ပါသည်။

အချို့သောသူတို့ကလည်းလူသားအချင်းချင်းကူညီခြင်းသည် မြင့်မြတ်သောအရာအဖြစ်ခံ ယူပြီးနိုင်ငံရေးလောက(သို့မဟုတ်)လူမှုရေးကဏ္ဍ(သို့မဟုတ်)လူမျိုးတိုးတက်မြင့်မားရေးတို့၌ပါဝင် ဆောင်ရွက်နေကြပါသည်။ထိုသူတို့သည်ဖော်ပြဆွေးနွေးခဲ့ပြီးဖြစ်ကြသောသူတို့ထက်သက်သာနေ သည်ဟုဆိုရသော်လည်းသူတို့၏အများအကျိုးကိုလိုလားခြင်းအစီအစဉ်သည်မလုံလောက်သေးပါ။ လူတစ်ယောက်ကိုကူညီဖို့သို့မဟုတ်သူကြုံတွေ့နေရသည့်ပြဿနာကိုဖြေရှင်းဖို့ရာအတွက်သူ၏ပင်ကို သဘာဝတရားကိုပြောင်းလည်းပေးရမည်။ထိုအရာကိုတစ်စုံတစ်ယောက်မှလုပ်ဆောင်နိုင်ခြင်းမရှိပါ၊ ကယ်တင်ခြင်းသတင်းကောင်း၌သာအဖြေရှိ၏။အမှန်ကန်ဆုံးဖြစ်သည့်လူသားအချင်းချင်းချစ်ခင် ခြင်းသည်လူတစ်ယောက်ကို ယေရှုခရစ်ထံသို့မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။

ထိုမှသာလျှင်သာမန်အရာအတွက်လူသားတို့၏အသက်ရှင်ခြင်းကိုဆက်လက်သုံးသပ်နိုင်ပြီး လူသားတို့၏ အမြင့်မားဆုံးကြိုးပမ်းမှုသည်လည်း ထိုက်တန်ခြင်းမရှိကြောင်းမြင်တွေ့နိုင်မည်ဖြစ် ပါသည်။အကြောင်းမူကား ထိုအရာတို့သည်အကျိုးသက်ရောက်မှုမရှိပါ။ထို့အပြင် ထိုအရာတို့သည် အချိန်စမ်းသပ်ခြင်း၌ရှုံးနိမ့်နေသောကြောင့်ဖြစ်ပါသည်။သူတို့တန်ဖိုးသည် ယခုဘဝအတွက်သာ ကန့်သတ်ထားပါသည်။နိုင်ငံနှစ်မျိုးအတွက်အသက်ရှင်နေသောခရစ်ယာန်တို့၏ရှုပါရုံကိုဖြည့်စွမ်း နိုင်ခြင်းမရှိပါ။

နိုင်ငံနှစ်မျိုးအတွက်အရာမရောက်သောအရာဟူသမျှတို့သည်အဓိပ္ပါယ်မဲ့နေကြပါသည်။ ယခုဘဝနှင့်နောင်ဘဝနိုင်ငံနှစ်မျိုး၌တစ်မျိုးကတိုတောင်းလှပြီး၊အခြားတစ်မျိုးကမူအဆုံးမရှိသော နိုင်ငံဖြစ်ပါသည်။ယခုဘဝ၏အခြားတစ်ဖက်၌ဘာများရှိပါလိမ့်။၎င်းသည်ယာယီခေတ္တခဏသာ ဖြစ်ပါသည်။အရာကိုထာဝရအကျိုးသက်ရောက်မှုနှင့် အချိန်အဖြစ်ပင့်မြှောက်နေသည့်မေးခွန်းဖြစ်ပါ သည်။ယနေ့၌မိမိပြုလုပ်နေသောအရာသည်ကိုယ့်အတွက်ထာဝရတစ်စုံတစ်ခုဖြစ်ပါသည်။ထိုအရာ ကိုမမြင်မခြင်းကျွန်တော်သည်ဘဝပြဿနာကိုရင်ဆိုင်ဖို့အစမပြုခဲ့သေးပါ။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတော်ခြင်း – ၂၉

နောက်ဆုံးရာစုနီးကပ်လာသည့်အချိန်တွင်ဗြိတိန်နိုင်ငံ၌ **Willian Kelly** သည် အလွန် ထူးချွန်သောကျမ်းစာကျောင်းသားဖြစ်ပြီးသူ့ကိုထောက်ပံ့သောသူတို့ကသူ့ကိုဘုရားသခင်အတွက် စစ်မှန်သောစွမ်းရည်ရှင်ဖြစ်စေခဲ့ပါသည်။မစ်စတာ **Kelly** သည်အမျိုးတော်သည့်လူတစ်ယောက်ကို **Dublin** ၌ **Tririty** သမ္မာကျမ်းစာကျောင်းဖွင့်လှစ်ဖို့ရန်ကူညီခဲ့ပြီးထိုကျမ်းစာကျောင်း၌ပါမောက္ခ ဖြစ်လာပါသည်။သူတို့က **Kelly** ကိုထိုကျမ်းစာကျောင်းကိုတာဝန်ယူဦးဆောင်ပြီးမိမိကိုယ်မိမိကျော် ကြားစေဖို့ရန်တိုက်တွန်းကြပါသည်။မစ်စတာ **Kelly** သည်ထိုအရာကိုစိတ်ဝင်စားခြင်းမရှိသော ကြောင့်ထိုသူတို့သည်အလွန်အံ့သြကြပါသည်။သူတို့ထဲမှတစ်ယောက်ကစိတ်ဆိုးစွာဖြင့်“ဒါပေမယ့် မစ်စတာ **Kelly**လောက၌နာမည်ကြီးကျော်ကြားဖို့ရန်စိတ်ဝင်စားနေတယ်မဟုတ်လော”မေးပါသည်။ ထိုအခါမစ်စတာ **Kelly** ကလိမ္မာပါးနပ်စွာ“ဘယ်လောကလဲလူကြီးမင်းဟုဖြေလိုက်ပါသည်။မှန်ပါ သည်။ ဘဝရည်မှန်းချက်ကိုစဉ်းနေသည့်နေရာ၌ကြီးမားသောမေးခွန်းများ“ဘယ်လောကလည်း လူကြီးမင်း”ဖြစ်ပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၃၀

**ကြီးမားသောဘဝစေနိုင်းချက်**

လူ၏အနာဂတ်အကြောင်းကိုစိတ်တည်ငြိမ်စွာစဉ်းစားဖို့ရာကြီးမားသောအခြေခံသဘော တရားသုံးခုကိုထည့်တွက်စဉ်းစားရပါမည်။

၁။ ဘုရားသခင်အတွက်သူ၏တာဝန်ဝတ္တရား

၂။ လူသားအချင်းချင်းဆီသို့သူ၏အကြွေး

၃။ သူ့ကိုယ်တိုင်အတွက်အကောင်းဆုံးခံစားခွင့်

ဤတာဝန်ဝတ္တရားသုံးခုကိုလက်လွှတ်သောသူ၏ဘဝသည်အောင်မြင်သောဘဝမဖြစ်နိုင်ပါ။

**သင်၏ဘုရားသခင်**

ဘုရားသာပထမ။ ဘုရားသခင်သည်ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်သောငြားလည်းသူသည် ကျွန်ုပ်တို့၏ရှင်သန်နေသောယုံကြည်ကိုးစားမှုနှင့်အဆုတ်မနစ်သောအစေခံခြင်းကိုခံယူဖို့ရန်ထိုက် တန်နေပါသည်။သို့သော်လည်းကြီးမားသောဖန်ဆင်းရှင်သည်ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သည့် ထိုအချက်သည်ကျွန်ုပ်တို့ကိုလွတ်မြောက်၍မရအောင်ချည်နှောင်ထားသည့်အရာဖြစ်ပါသည်။

ကျွန်ုပ်တို့လူသားတိုင်းသည်ထာဝရမှန်ကန်သောသမ္မာတရားကိုဆုပ်ကိုင်ထားရပါမည်။

၁။ ဘုရားသခင်သည်ကြီးမားသောကြင်နာခြင်းဖြင့်ကျွန်ုပ်နေရာ၌အစားထိုးသေဖို့ အလို့ ငှါသူ၏တပါတည်းသောသားတော်ကိုစေလွှတ်ခဲ့ပါသည်။

၂။ သခင်ယေရှုသည်ကြီးကျယ်ခမ်းနားသောကောင်းကင်ဘုံမှရှက်ကြောက်ရွံ့ရှာဖွယ် ကောင်းသော ဤလောကသို့ ကျွန်ုပ်အတွက် တုံ့ဆိုင်းမနေဘဲ`ကြွရောက်လာပါ သည်။

၃။ ကျွန်ုပ်ဝိညာဉ်ကို ကယ်တင်ဖို့အလို့ငှါသူသည်ဝေဒနာခံစားပြီးသွေးယိုစီးကာသေ ဆုံးခဲ့ပါသည်။

၄။ သေဆုံးသွားသောသူသည် လူသားသက်သက်သာမဟုတ်ဘဲ လောကကိုဖန်ဆင်း သောသူဖြစ်ပါသည်။

၅။ ကျွန်ုပ်သည်သူ၏ရန်သူဖြစ်နေစဉ်၌ကျွန်ုပ်အတွက်သေဆုံးခဲ့သည်။

၆။ ကျွန်ုပ်အပြစ်အတွက်သူ၏ပေးဆပ်ခံစား ခဲ့သောဝေဒနာသည် ကြီးမားလှပြီး လူသား နှလုံးသားအားဖြင့် နားလည်နိုင်စွမ်းမရှိပါ။

၇။ အပြစ်ကျေးကျွန်ဘဝမှကျွန်ုပ်ကိုဝယ်ယူဖို့ရန်အတွက်သူ့အသွေးကိုသွန်းလောင်းသည့် တိုင်အောင်ကျွန်ုပ်ကိုတန်ဘိုးထားပါသည်။

၈။ ကျွန်ုပ်၏ရှင်ဘုရင်၊အရှင်နှင့်သခင်ဖြစ်ဖို့ရန်သေဆုံးခဲ့ပါသည်။

ဤသမ္မာကျမ်းတရားသည်ခရစ်ယာန်တို့အတွက်လွယ်လင့်တကူမထူးဆန်းသောအရာဖြစ်လာနိုင်ပါ သည်သို့သော်ရှားပါးသည့်အချိန်တခဏအတွင်းကျွန်ုပ်တို့ဝိညာဉ်အပေါ်၌သူ၏ ဘုန်းတော်တောက် လောင်နေသောအခါကျွန်ုပ်တို့သည်လုံးလုံးလျားလျားကြောက်ရွံ့နေကြပြီးဤကဲ့သို့ငိုကြွေးနိုင်ပါ သည်။ကိုယ်အတွက်ဆောင်ရွက်ပြီးသည့်နောက် မိမိအကောင်းဆုံးအရာကိုပေးဆပ်ခြင်းထက်သေး ငယ်သောအရာမပြုနိုင်ပါ။သူ့အတွက်လုံးလုံးလျားလျားအသက်ရှင်ရပါမည်ကိုယ့်အတွက်ဆောင်ရွက် ပြီးသည့်နောက်။

**Betty Daasvand**

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း–၃၁

အကယ်၍ ခရစ်တော်က ကျွန်ုပ်ကိုအသွေးတော်အားဖြင့် အမှန်တကယ်ဝယ်ယူခဲ့လျှင်မိမိကိုယ်မိမိပိုင်ဆိုင်သောသူမဟုတ်ဘဲသူကသာလျှင်ပိုင်ဆိုင်နေကြောင်းထင်ရှားပါသည်။တမန်တော်ရှင်ပေါလုက ဆင်ခြင်သုံးသပ်လျှက်ဤကဲ့သို့ရေးထားပါသည်။

အကြောင်းမူကား တစ်ယောက်သောသူသည်လူအပေါင်းတို့အတွက်ကြောင့်အသေခံသည်မှန်လျှင်လူအပေါင်းတို့သည်သေ၍နေကြ၏ဟူ၍၄င်းအသက်ရှင်သောသူတို့သည်တဖန်ကိုယ်အလိုသို့လိုက်၍ရှင်စေမည့်အကြောင်းလူအပေါင်းတို့အတွက်ကြောင့်အသေခံတော်မူသည်ဟူ၍၄င်း၊ငါတို့သည်သဘောထားလျှက်ခရစ်တော်၏ချစ်ချင်းမေတ္တာတော်သည်ငါတို့ကိုအနိုင်အထက်သွေးဆောင်၏(၂ကော၅း၁၄၊၁၅)

ဤအကြောင်းကြောင့်မိမိအတွက်မဟုတ်သူ့အတွက်သာလျှင်C.T.Stvddကဤကဲ့သို့နိဂုံးချုပ်ပါသည်။ကျွန်ုပ်တို့အတွက်ယေရှုအသေခံခြင်းအကြောင်း သိခဲ့သော်လည်းဤအရာသည် မိမိအတွက်ဖြစ်မှန်းကျွန်ုပ်တို့နားမလည်ခဲ့၊ ထို့ကြောင့်မိမိကိုယ်မိမိမပိုင်တော့ပါ။ရွေးနှောက်ခြင်းဆိုသည်မှာပြန်လည်ဝယ်ယူခြင်းဖြစ်ပြီးကျွန်ုပ်သည်သူခိုးဓါးပြဖြစ်သော်လည်းသို့မဟုတ်လျှင်ကျွန်ုပ်သည်ဘုရားသခင်ကိုအရာအားလုံးပေးဆပ်ခဲ့သော်လည်းသူကိုပိုင်ဆိုင်ဖို့အတွက်သာဖြစ်ပါသည်။ယေရှုခရစ်သည်အသေခံခဲ့ခြင်းအကြောင်းကိုသိရှိနားလည်လာသည့် အချိန်တွင်အရာအားလုံးကိုသူ့အတွက်ပေးဆပ်ဖို့ ရန်ခက်ခဲခြင်းမရှိတော့ပါ။

**Isaac Watts** ကလည်းယုတ္တိဗေဒနည်းကျကျအနည်းငယ်ရေးသားခဲ့ပါသည် သဘာဝနယ်ပယ်တစ်ခုလုံးမိမိပိုင်နက်လား ပေးဆပ်ခဲ့သောအရာကအလွန်သေးငယ်နေသလားအံ့ဖွယ်မေတ္တာကျွန်ုပ်ဝိညာဉ်၊အသက် အားလုံးကိုတောင်းလျက်နေ၏။

**Count Zinzedorf** က"အကယ်၍ကျွန်တော်သည်မိမိအနှစ်သက်ဆုံးအရာကိုဘုရားသခင်ပေးဆပ်နိုင်ခဲ့လျှင်ကျွန်တော်သည်ကယ်တင်ရှင်အတွက်ထိုက်တန်သောသူမဟုတ်ပါဟုစဉ်းစားမိ၏"ဟူ၍ပြောပါသည်။ ထို့နောက် **Uganda** မှ **pilkington** က "အကယ်၍သူကရှင်ဘုရင်ဖြစ်ခဲ့လျှင်ခပ်သိမ်းသောအရာကိုပိုင်ဆိုင်ခွင့်ရှိသည်"ဟုပြောပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၃၂

လွန်ခဲ့သောနှစ်ပေါင်းများစွာ၌အမှုတော်ဆောင်မစ်စတာ **T.E.Wilson** က **Angola** ၌ရှိသောလူမျိုးစုတစ်ခုဆီသို့တရားဟောနေသည့်အချိန်တွင်သူ့ပရိတ်သတ်များထဲမှကြီးထွားသန်မာသည့်လူတယောက်၏နံဘေး၌ကြောက်ရွံ့တုန်လှုပ်နေသည့်လူငယ်လေးကိုသတိပြုမိပါသည်။ထိုလူကြီးလှုပ်ရှားသည့်အချိန်တိုင်းတွင်လူငယ်လေးသည်ကြောင့်ရွံ့စွာတွန့်ဆုပ်နေပါသည်။အစည်းအဝေးအဆုံးသတ်ချိန်တွင်တရားဟောဆရာကထိုအရာသည်သခင်နှင့်သူ့ကျွန်အကြောင်းပုံပြင်ဟောင်းဖြစ်ကြောင်းကိုသိရှိနားလည်ခဲ့သည်။ထိုလူငယ်လေးကိုကယ်ဖို့ရန်ချက်ခြင်းဆွေးနွေးခဲ့ပါသည်။ပိုင်ရှင်ကဈေးများများပေးရန်ဆစ်ပြီး နောက်ဆုံးတွင်ကျေနပ်နိုင်သည့်ဈေးနှုန်းဖြင့် ရောင်းလိုက်ပါသည်။

ထိုခရစ်ယာန်တရားဟောဆရာသည်မိမိဝယ်ထားသည့်ကျွန်လူငယ်လေးနှင့်အတူအိမ်ပြန်ပြီးကျွန်ငယ်လေးပိုင်ရှင်ဟောင်းကိုကြောက်ရွံ့သကဲ့သို့သူ့ကိုလည်းကြောက်ရွံ့နေကြောင်းသတိပြုမိပါသည်။အိမ်သို့ရောက်သောအခါလူငယ်လေးနှင့်အတူထိုင်ပြီး"သား ကျွန်တော်သင့်ကိုဒီနေ့၌ဝယ်

ခဲ့ပြီးပြီယခုတွင်သင်သည်ကျွန်ုပ်လက်ထဲ၌ရှိသည်။သို့သော်လည်းယခုအချိန်မှစ၍လွပ်လပ်လပ်နေပြီး မိမိနှစ်သက်သောအရာကိုလုပ်နိုင်သည်။ တောထဲသို့သွားပြီး ကိုယ့်လူမျိုးနှင့်အတူ နေထိုင်လို့ရပြီ၊ (သို့မဟုတ်)ကျွန်ုပ်တို့အိမ်မှာမိသားစုဝင်တစ်ယောက်အဖြစ်နေနိုင်သည်"ဟုပြောပါသည်။လူငယ် လေးကအမှုတော်ဆောင်ပြောသောစကား၏အဓိပ္ပါယ်ကိုသဘောပေါက်ပြီးသူ့ကိုမျက်ရည်ဝိုင်းလျက် "မစ်စတာ Wilson ကျွန်တော်သည်သင်၏ကျွန်အဖြစ်နေပါမည်"ဟုပြောပါသည်။

ထိုမှအပမည်ကဲ့သို့ပြောနိုင်ပါမည်နည်းထိုနည်းတူစွာကျွန်ုပ်တို့သည်လည်း "သခင်ယေရှု အရှင်၏ထာဝရအစေခံဖြစ်ရပါမည်ဟုပြောသင့်ပါသည်ကျွန်ုပ်တို့၏ လက်များခြေထောက်များအ သံဉာဏ်ပညာ-အရာအားလုံးသည်ကိုယ်တော်ဘုရားကပိုင်သအုပ်စိုးနေပါသည်။

ကျွန်ုပ်တို့အတွက်အသွေးသွန်ပြီးအသေခံခဲ့သည်၊ယခုမှစ၍ကိုယ်တော်အတွက်အသက်ရှင် ပါမည်"

ဘုရားသခင်၏ဂရုဏာတော်ကကျွန်ုပ်တို့ကိုသူ့လက်အောက်၌တာဝန်ထမ်းဆောင်ဖို့ရန် ထားရှိခဲ့ပါသည်။ဘဝကိုပေးဆပ်အပ်နှံခြင်းသည်ခပ်သိမ်းသောအရာထက်အမွန်မြတ်ဆုံးသောတုံ့ ပြန်မှုဖြစ်ပါသည်။(ရောမ ၁၂း၁၊၂)။

## သင်၏အနာဂတ်ကိုတွေးတောခြင်း – ၃၃

**သင်၏အိမ်နီးနားခြင်း**

သို့သော်လည်းကျွန်ုပ်တို့၌ဒုတိယတာဝန်ဝတ္တရားရှိပြီးငှင်းသည်ကျွန်ုပ်တို့လူသားအချင်းချင်း ပေါ်၌ဖြစ်ပါသည်ခရစ်ယာန်ဘာသာ၌တစ်ကိုယ်ကောင်းမဆန်ခြင်းသည်အလွန်အရေးကြီးပါသည်။ ထိုအရာသည်ဟေလာသလူဖြစ်စေ၊လူရိုင်းဖြစ်စေပညာရှိဖြစ်စေပညာမဲ့ဖြစ်စေလူအမျိုးမျိုးတို့ ၏အကြွေးသည်ငါ၌တင်လျင်ရှိ၏ ဟူသောလေးနက်သည့်ခံစားချက်အောက်၌အလုပ်လုပ်ခြင်းဖြစ် သည်(ရောမ၁း၁၄)။ငှင်းသည်"ကယ်တင်ခြင်းတရားကိုမဟောဘဲနေလျှင်အမင်္ဂလာရှိ၏"(၁ကော ၉း၁၆)ဟုငိုကြွေးနေသည့်ဝိညာဉ်ကိုချစ်မြတ်နိုးခြင်းအားဖြင့်မောင်းနှင်နေသောအရာဖြစ်ပါသည်။ ထိုကြောင့်စဉ်းစားတွေးတောချက်များကိုချိန်တွယ်ခြင်းမရှိဘဲစိတ်အားထက်သန်သောခရစ် ယာန်လူငယ်တို့သည် ဘဝစီမံကိန်းးကိုမဆွဲတတ်ကြပါ။

၁။ ကျွန်ုပ်တို့၏လောကသည်ပျက်စီးနေပါ၏

တစ်နေ့တွင်ထောင်ပေါင်းမြောက်များစွာသောဝိညာဉ်များတစ်ယောက်ပြီးတစ်ယောက်ခရစ်တော် မပါဘဲအပြစ်ထဲ၌ပျက်စီးသေဆုံးနေဆဲပါ။

၂။ ကယ်တင်ခြင်းရရှိသောသူများကိုနှိုင်းယှဉ်၍မရသောကောင်းကင်ဘုံ၏ပျော်ရွှင်ခြင်းက စောင့်စားနေပြီးသို့သော်လည်းခရစ်တော်မရှိဘဲသေဆုံးသွားသောသူတို့အတွက်မူကားဖေါ်ပြ၍မရ သောငရဲပြည်၏ထာဝရဝမ်းနည်းကြေကွဲခြင်းကစောင့်စားနေပါသည်။ခရစ်ယာန်တိုင်းသည်အချိန် တစ်နာရီခန့်ငြိမ်သက်စွာထိုင်ပြီးငရဲမီးအကြောင်းကိုစဉ်းစားသင့်ပါသည်။-ငှင်း၏ထာဝရ တည်မြဲ ခြင်း၊ ငှင်း၏နောင်တတရား၊ငှင်းမှောင်မိုက်ခြင်း၊ငှင်း၏ဝေဒနာပြင်းထန်စွာခံစားရခြင်း၊သူတို့၏ဆွေ မျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးနားခြင်းများမကြာခင်အချိန်၌ထိုနေရာသို့သွားမည့်သူများ အကြောင်းကိုစဉ်းစားသင့်ပါသည်အမည်ခံလုပ်ရိုးလုပ်စဉ်အားဖြင့်သာအသက်မရှင်ဘဲကျေနပ်ရောင့် ရဲသောခရစ်ယာန်အသက်တာအားဖြင့်အသက်ရှင်ဖို့အလို့ငှါသူတို့သည်ကောင်းမွန်စွာစဉ်းစားသင့် ပါသည်။

၃။ အကယ်၍ကယ်တင်ခြင်းတရားသည်မှားနေခဲ့လျှင်ငှင်းကိုလုံးလုံးလျားလျားစွန့်လွှတ်ရမည်။သို့သော်အကယ်၍ကယ်တင်ခြင်းတရားသည်မှန်ကန်နေခဲ့လျှင်ကမ္ဘာဆုံးထိတိုင်အောင်ဟောပြောရမည်ဖြစ်ပါသည်။ ကင်ဆာရောဂါကုသရန်နည်းသိသော်လည်းမိမိအသုံးစရိတ်အတွက်တစ်ကိုယ်ကောင်းဆန်စွာထိမ်းသိမ်းခြင်းသည်လူ့အသက်သတ်ခြင်းဖြစ်သည်။ထိုနည်းတူစွာဝိညာဉ်ရောဂါကုသရန်နည်းလမ်းသိသော်လည်းမဝေငှခြင်းသည် ဝိညာဉ်ကိုသတ်ဖြတ်ခြင်းဖြစ်ပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၃၄

၄။ယနေ့မျိုးဆက်သစ်လူသားများကို ယနေ့မျိုးဆက်သစ်ခရစ်ယာန်များကသာပြောင်းလဲစေနိုင်မည်ဖြစ်ပါသည်။ထို့ကြောင့်ကျွန်ုပ်တို့၏တာဝန်ဝတ္တရားသည် အခြားသူများဆီသို့ရွှေ့ပြောင်း၍မရပါ။

၅။ ကြီးမားသောစေခိုင်းချက်အရ ကျွန်ုပ်တို့သည် တာဝန်သိစိတ်ဖြင့် လုပ်ဆောင်ရမည် (ရှင်မာသဲ ၂၈း၁၉၊၂၀)သွေးများစွန်းထင်းနေသောအဝတ်ကိုဝတ်ကာ ထာဝရဘုံထဲသို့ဝင်ရောက်ရန်ကျွန်ုပ်တို့မှာသတ္တိရှိမလား?။

၆။ ကျွန်ုပ်တို့မြင်တွေ့သမျှသောလူတို့သည် ကယ်တင်ရှင်၏သရဖူအတွက်ထိုက်တန်သောကျောက်မျက်ရတနာဖြစ်ကြပါသည်။ထိုသူတို့ကိုဘုရားသခင်အတွက်ချစ်ခင်ရပါမည်။ကျွန်ုပ်တို့သည် ဤအရာများကိုရဲရင့်စွာရင်ဆိုင်ရမည်ဖြစ်ပြီးအကယ်၍မရင်ဆိုင်ခဲ့လျှင်ဘဝထိန်းသိမ်းမှုနှင့်ပတ်သက်ပြီးကျွန်ုပ်တို့သည်"တာဝန်ကိုရှောင်လွှဲသောသူ"ဖြစ်ပါသည်။

**မိမိကိုယ်မိမိ**

နောက်ဆုံးတွင်ကျွန်ုပ်တို့၏ဘဝစီမံကိန်းအကြောင်းကိုမိမိအတွက်အကောင်းဆုံးအခွင့်အရေးကြည့်မြင်ခြင်းအားဖြင့်တိကျရှင်းလင်းစွာဖေါ်ပြသင့်ပါသည်။ဖျက်ခနဲကြည့်လိုက်လျှင်ကိုယ်ကျိုးရှာပုံရောက်သော်လည်းဤအရာသည်တကိုယ်ကောင်းဆန်ခြင်းမဟုတ်ပါအကြောင်းမူကားဘုရားသခင်ကကျွန်ုပ်တို့ကိုအကောင်းဆုံးဖြစ်စေချင်ပြီးသူ၏ချစ်ခြင်းမေတ္တာအားဖြင့်ကျွန်ုပ်တို့အတွက်ကြံစည်ထားသည့်အတိုင်းအသက်ရှင်ဖို့ရန်မျှော်လင့်ထားသောကြောင့်ဖြစ်ပါသည်။

ယခုဘဝအတွက်သော်ငှင်း၊ နောင်ဘဝအတွက်သော်ငှင်း၊ မိမိကိုယ်ကျိုးအတွက်မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်နိုင်မည်နည်း။ခရစ်ယန်လူငယ်များကအောက်ပါအရာများကိုလေးနက်စွာစဉ်းစားကြပါစေ။-

၁။ သင်၏ဝိညာဉ်ကယ်တင်ခြင်းရရှိဖို့အတွက် လက်ရှိပျောက်ဆုံးနိုင်ပါသည်။

၂။ ယခုဘဝသည်အဆုံးသတ်ခြင်းမဟုတ်ဘဲ ထာဝရအတွက်ရင်းနှီးမြှုတ်နှံခြင်းသာဖြစ်ပါသည်"ဘဝအချိန်ကာလသည် အုပ်ချုပ်ခြင်းအချိန်ကာလအတွက် သင်တန်းအချိန်ကာလဖြစ်သည်"။

၃။ သင်သေဆုံးသွားပြီးနောက်ဆက်လက်ရှင်သန်လုပ်ဆောင်နိုင်ဖို့ရန်ယခုအချိန်၌ သင့်ဘဝကိုစီစဉ်နိုင်ပါသည်**F.W.Boreham** က"လူတစ်ယောက်သည်သူ၏သင်္ချိုင်း၌လဲလျောင်းနေသည့်အချိန်တွင် လုပ်ကိုင်ဆောင်ရွက်ဖို့အတွက် မိမိကိုယ်မိမိရိုးသားသောအလုပ်တစ်ခုခုကိုပေးထားဖို့ရန်သူ့မှာတာဝန်ရှိသည်"ဟုပြောပါသည်။

၄။ တနေ့တွင်ကျွန်ုပ်တို့သည် ခရစ်တော်၏တရားစီရင်မှုပလ္လင်ရှေ့မှာ ရပ်ကြမည်ဖြစ်ပါသည် ဘယ်အရာကိုတွက်ချက်ကြမည်နည်း။ဘုရားသခင်အတွက်ရှင်သန်နေသောဘဝသာဖြစ်ပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၃၅

၅။ ထိုနေ့တွင် လက်ဗလာနှင့်ရပ်တည်နေကြသောသူများအတွက် ကြောက်ရွံ့ခြင်းရှိကောင်းရှိနိုင်သည်။

လက်ချည်းသက်သက်နှင့်ငါသွားရမှာလား
ငါ၏ချစ်လှစွာသော ကယ်တင်ရှင်ကို တွေ့သောအခါ
တစ်နေ့မျှသာ သူ့အတွက်အမှုမဆောင်ဘဲ
သူ့၏ခြေတော်ရင်းမှာ ဆုတစ်ခုမှမချဘဲ၊
လက်ချည်းသက်သက်နှင့် ငါသွားရမှာလား၊
ငါ၏ကယ်တင်ရှင်ကို ထိုကဲ့သို့တွေ့ရမှာလား၊
သူ့ကို နှုတ်ဆက်ရာ၌ ဝိညာဉ်တစ်စုံတစ်ခုမျှမပါဘဲ၊
လက်ချည်းသက်သက်နှင့် ငါသွားရမှာလား-**C.C.Luther**

၆။ အစားထိုး၍မရသောသူ၏"ချီးကျူးခြင်း"ကို ဆုံးရှုံးရမှာလား။ ခဏခဏရောင်ပြန်ဟပ်ခြင်း ကပင်လျှင် ယခုအချိန်နှင့်ထာဝရအတွက် ကျွန်ုပ်တို့၏အကောင်းဆုံးအခွင့်အရေးအတွက် အကောင်းဆုံးလုပ်ဆောင်ချက်ကို ဖွင့်ပြရမည်ဖြစ်ပါသည်။ ဤအချိန်ဖြင့် နောင်ကာလအတွက် အကောင်းဆုံးလုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်ခြင်းဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ ရည်မှန်းချက်စစ်ဆေးခြင်းကို ရပ်တန့်ပြီး မိမိကိုယ်မိမိမေးမြန်းကြရအောင်-

၁။ ဘုရားသခင်အတွက် ကျွန်ုပ်၏တာဝန်ဝတ္တရားကို အသိအမှတ်ပြုကြသလား၊
၂။ လူသားအပေါ်၌ရှိသောကျွန်ုပ်အကြွေးကိုပစ်လွှတ်ကြသလား။
၃။ သူတို့သည်ယခုဘဝနှင့်ကောင်းကင်နိုင်ငံတွင် ကျွန်ုပ်ကို အကြီးမားဆုံးသော တုံ့ပြန်မှုပေးစွမ်းကြသလား။

အကယ်၍ သတ်မှတ်ချက်များကို မတွေ့မြင်နိုင်ခဲ့လျှင် ၎င်းတို့သည်မထိုက်တန်သောရည်မှန်းချက်များဖြစ်ကြပြီး ပွတ်တိုက်ဖျက်ဆီးသင့်ပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၃၆

**ကြီးမားသောဘဝဆက်ကပ်ခြင်း**

ယုံကြည်သူတိုင်းသည်သူတို့၏ဘုရားသခင်၊ အိမ်နီးနားချင်းနှင့်မိမိအတွက် လေးနက်သောတာဝန်ဝတ္တရားအောက်၌ ရှိနေကြသည့်အကြောင်းကို ပြီးခဲ့သောအခန်း၌မြင်တွေ့ခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်ထံသို့ပြောကြသည် သို့သော်လည်းသူ၏ဖန်ဆင်းခြင်းနှင့် ရွေးနှုတ်ခြင်းအတွက် သူ၏အိမ်နီးနားချင်းဆီသို့ ခရစ်တော်မပါဘဲထိုအိမ်နီးချင်းသည် ထာဝရပျက်ဆီးသွားမည်ဖြစ်သောကြောင့် သူကိုယ်တိုင်အတွက် သူသည်တစ်နေ့နေ့၌ ခရစ်တော်၏တရားပလ္လင်ရှေ့တွင်ရပ်ပြီး သူ့ဘဝတစ်ခုလုံးကို ပြန်လှန်ကြည့်ရမည်ဖြစ်သောကြောင့်တည်း။

ခရစ်ယာန်တစ်ယောက်သည် ဤတာဝန်ဝတ္တရားသုံးမျိုးကိုမည်ကဲ့သို့အကောင်ဆုံးကြုံတွေ့နိုင်မည်နည်း။ အကယ်၍သူသည်မိမိအတွက်သာ အသက်ရှင်နေလျှင် ယခုဘဝ၌ ပျက်စီးမည်ဖြစ်ပြီး နောင်ဘဝ၌ပြည့်စုံမည်မဟုတ်ပါ။ ၎င်းသည် မိမိအတွက်အကောင်းဆုံးလုပ်ဆောင်ခြင်းဖြစ်သလား။

အကယ်၍သူသည် ယေဘူယျအားဖြင့် ကယ်တင်ခြင်းတရားမပါဘဲ သူ့အိမ်နီးနားခြင်းလုပ်ဆောင်ချက်မဟုတ်ပါ။ အကြောင်းမူကား လူသားတစ်ယောက်၏လိုအပ်သောအရာသည် ခရစ်တော်သာဖြစ်ပြီး သူမပါ ပါကထာဝရပျက်စီးသွားမည်ဖြစ်ပါသည်။

တစ်ဘက်မှာမူ အကယ်၍သူ့ဘဝတစ်ခုလုံးကို ဘုရားသခင်ထံသို့ အပ်နှံခဲ့လျှင် အမှားမပြုလုပ်နိုင်ပါ။ အကြောင်းမူကား ဘုရားသခင်ကိုချစ်သောသူသည် ကယ်တင်ခြင်းတရားအားဖြင့် လူသားတို့ကို ကူညီချင်သောဆန္ဒရှိပြီး ယခုဘဝ၌ပျော်ရွှင်ခြင်းခံစားပြီး အနာဂတ်၌ဆုဆွတ်ခူးမည်ဖြစ်ပါသည်။ ထို့ကြောင့်အောင်မြင်သောခရစ်ယာန် အသက်တာ၏ လျှို့ဝှက်ချက်သည် ဘုရားသခင်ထံသို့ လုံးလုံးလျားလျားဆက်ကပ်အပ်နှံထားသောသူများ အသက်တာ၌မြင်တွေ့ရပါသည်။

၎င်းသည် ကျွန်ုပ်တို့ဘဝအတွက် အကောင်းဆုံးသောအရာကို မသိရပါဟူ၍ ပွင့်လင်းစွာဝန်ခံခြင်းဖြင့်စတင်ပါသည်။ ဤကဲ့သို့သောစိတ်ထားကို ယေရမိကဖော်ပြသည်မှာ“ထာဝရဘုရား၊ လူသည်မိမိသွားရာလမ်းကို အစိုးမရ။ သွားစဉ်အခါမိမိခြေရာတို့ကို မစီရင်တတ်သည်ကို အကျွန်ုပ်သိပါ၏။ (ယေရမိ ၁၀း၂၃)

အကယ်၍ကျွန်ုပ်တို့၌ဆန္ဒရှိခဲ့လျှင် ဘုရားသခင်၏“အကောင်းဆုံးကို”ပိုင်ဆိုင်နိုင်ဖို့အလို့ငှါ ကျွန်ုပ်တို့အတွက်ဘုရားသခင်က“အကောင်းဆုံးအကြံအစည်”ရှိသည်ကိုလည်း လေးနက်စွာနားလည်ပြီး အကယ်၍ဆန္ဒမရှိခဲ့လျှင်သူ၏“ဒုတိယအကောင်းဆုံး(သို့မဟုတ်)တတိယအကောင်းဆုံး(သို့မဟုတ်)အခြားအကောင်းဆုံး ပိုင်ဆိုင်မည်ဟုယူဆပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၃၇

ဤအရာကို မှန်ကန်စွာယုံကြည်ပြီး ကျွန်ုပ်တို့သည် ကျိုးကြောင်းဆက်စပ်သော သူ ဖြစ်သည့်အားလျော်စွာ ကြီးမားသောဘဝအပ်နှံမှုပြုလုပ်ပြီး ကျွန်ုပ်တို့ဘဝကိုဘုရားသခင်ထံသို့ဆက်ကပ်အပ်နှံဖို့ရန် အတင်းအကျပ်ခိုင်ပါသည်။ ဆက်ကပ်အပ်နှံခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ ဘဝတစ်ခုလုံးဝိညာဉ်၊ အသက်၊ ခန္ဓာကိုယ်စသည့်တို့ကိုပေးကမ်းခြင်းဖြစ်သည်။ ဆိုလိုရင်းမှာကျွန်ုပ်တို့တစ်ကိုယ်လုံးရှိ ရှိသမျှတို့ကိုအပ်နှံခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ လုံးလုံးလျားလျားအရှုံးပေးလက်မြှောက်ခြင်းဖြစ်သည်။ **Betty Stam** က မာတူရဖြင့် မသေခင် ကိုးနှစ်အလိုတွင် ကြီးမားသောဘဝဆက်ကပ်ခြင်းပြုလုပ်ခဲ့သည်။ သူမ၏ကျမ်းစာအုပ်ထဲ၌ ဤကဲ့သို့ ရေးသားထားပါသည်-

> ကိုယ်တော်၊ကျွန်မ၏ရည်ရွယ်ချက်နှင့်အကြံအစည်၊လိုအင်ဆန္ဒအားလုံး၊ မျှော်လင့်ခြင်းနှင့်ရည်မှန်းချက်များကို အရှုံးပေးပြီး ကိုယ်တော်၏ အလိုတော်ကို ကျွန်မဘဝအတွက်လက်ခံပါသည်။ ကျွန်မကိုယ်တိုင် ကျွန်မအသက်အရာအားလုံးသည် ကိုယ်တော်အတွက်ထာဝရဖြစ်ပါသည်။ ကျွန်မ၏ မိတ်သင်္ဂဟဖွဲ့ခြင်းအားလုံးကို ကိုယ်တော်ရှင်၏ ထိန်းချုပ်မှုအောက်၌ကမ်းလှမ်းထားပါသည်။ ကျွန်မချစ်ခင်သောလူအားလုံးသည် ကျွန်မနှလုံးသားထဲ၌ဒုတိယနေရာသာယူကြမည်ဖြစ်ပါသည်။ ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ကျွန်မကိုဖြည့်ဆည်းတော်မူပါ။ ကျွန်မဘဝအတွက် ကိုယ်တော်၏အလိုတော်ရှိသည့်အတိုင်းယခုမှစ၍ ထာဝရဆောင်ရွက်တော်မူပါ။ ကျွန်မအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။

**Yale** မှ **Borden** ကလည်းဦးနှောက်အမြှေးရောင်ရောဂါဖြင့် အရှေ့တိုင်းပြည်၌မသေခင်တရုတ်နိုင်ငံသို့ ကယ်တင်ခြင်းတရားဟောပြောဖို့ရန်သွားနေသည့်အချိန် နှစ်ပေါင်းအတော်ကြာမှ ဘ၀ဆက်ကပ်ခြင်းပြုလုပ်ခဲ့ပါသည်။

သခင်ယေရှု၊ ကျွန်ုပ်ဘ၀နှင့်ပတ်သက်သမျှအရာတို့ကို အရှုံးပေးပါသည်၊ ကျွန်ုပ်နှလုံးသားရာဇပလ္လင်ထဲ၌ ကိုယ်တော်ကိုသာထားရှိပါသည်။ ကိုယ်တော်၏အလိုတော်အတိုင်း ကျွန်ုပ်ကိုပြောင်းလဲသန့်ရှင်းစေပြီးအသုံးပြုတော်မူပါ။ ကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုး အပြည့်အစုံကို ကျွန်တော်ယူဆောင်ခဲ့ပါသည်။ ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။

သာယာငြိမ်သက်သော အရှေ့ပိုင်းပန်းခြံတစ်ခု၌ ကြီးမားသောအသံဖြင့် ပဲ့တင်ထပ်လျှက်ငိုကြွေးနေသောအရာမှုကား-"ကိုယ့်အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏ အလိုတော်အတိုင်းသာဖြစ်ပါစေဟူ၍ဖြစ်ပါသည်။

ထို့ကြောင့်ဤအရာသည် ဘုရားသခင်ပိုင်ဆိုင်သောအရာနှင့် ဖွံ့ဖြိုးတိုးတက်သော ဝိညာဉ်တော်နှင့်အတူတကွရှိရမည်ဖြစ်သည်။ မိမိအလိုတော်ကို ပစ်ပယ်သည့်အချိန်ရှိရမည်ဖြစ်ပြီး အသက်ရှင်ခြင်း လက္ခဏာနှင့်ပြည့်စုံသော ယစ်ကိုဘုရားသခင်အား ဆက်ကပ်လျက်ပြောရမည်မှာ-ကိုယ်တော်အလိုရှိသောနေရာ၌ ကျွန်တော်သွားမည်၊ ကိုယ်တော်လုပ်စေချင်သောအရာကို ကျွန်တော်လုပ်မည်၊ ကိုယ်တော်ပြောစေချင်သောအရာကိုကျွန်တော်ပြောမည်၊ ကိုယ်တော်ဖြစ်စေချင်သည့်အတိုင်း ကျွန်တော်ဖြစ်ရပါမည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတော်ခြင်း – ၃၈

ဤကဲ့သို့သောအကြောင်းမဲ့အရှုံးပေးခြင်းကို ပြုလုပ်ပြီးသည့်အခါ ထိုအရာကိုနေ့စဉ်နှင့်အမျှထပ်မံ၍ပြုကျင့်ရမည်ဖြစ်ပါသည်။ ယုံကြည်ဆက်ကပ်အပ်နှံထားသည့်အဆင့်၌ အမြဲရှိနေရပါမည်။ သူသည်ချည်နှောင်ထားသည့်ကျွန်တစ်ယောက်ဖြစ်ကြောင်းကို အောက်မေ့သတိရပြီး သူ့သခင်၏အမိန့်ပေးခြင်းကိုအဆက်မပြတ်စောင့်မျှော်ရပါမည်။ အသက်တာတစ်လျှောက်လုံး၌ခရစ်တော်အုပ်စိုးခြင်းကို ဝန်ခံရမည်ဖြစ်ပါသည်။

ထို့နောက် မည်ကဲ့သို့ဖြစ်လာမည်နည်း။ ထိုသူသည် ကိုယ်ကာယဆိုင်ရာကြီးမားသောပြောင်းလဲခြင်းကို ကြုံတွေ့ရမလား။ စိတ်လှုပ်ရှားချောက်ချားစေသည့် ကျပ်တည်းသောခံစားချက်ရှိမလား? မိုးကောင်းကင်မှ မီးအားဖြင့်အဖြေပေးခြင်းမျိုးရှိမလား? များသောအားဖြင့် ပေါ်ယံနိမိတ်လက္ခဏာ(သို့မဟုတ်)ခင်းကျင်းပြသခြင်းမျိုးမရှိပါ။ ထိုသို့မဟုတ်ဘဲ ဘုရားသခင်ကနားညောင်းပြီး ယဇ်ပူဇော်ခြင်းကို လက်ခံခဲ့ကြောင်းခိုင်မာသောယုံကြည်မှုရှိရပါမည်။ တောင်းရမ်းသောအပြစ်သားအနေဖြင့် ဘုရားသခင်ထံ ချဉ်းကပ်သည့်အခါ ကျွန်ုပ်တို့ကိုကယ်တင်ကြောင်း ယုံကြည်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် အသက်ရှင်လျက်ပူဇော်သည့် ယဇ်သကဲ့သို့ဘုရားသခင်ထံတော်၌ချဉ်းကပ်သောအခါ ကျွန်ုပ်တို့ကို လက်ခံတော်မူကြောင်း မုချယုံကြည်ရပါမည်။ နောက်ပိုင်းတွင် မထူးဆန်းဘဲ သာမန်ဖြစ်ခြင်းကြောင့် ဖြစ်လာသောစိတ်ပျက်ခြင်း အန္တရာယ်သည် ဘွားခနဲပေါ်လာမည်ဖြစ်ပါသည်။ ဘ၀သည် တစ်နည်းအားဖြင့် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဆက်လက်သွားရမည်ဖြစ်သည်။ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်ရမည့်အရာများသည်လည်း ငြီးငွေ့ဖွယ်ရာ(သို့မဟုတ်)အစေခံခြင်းသဖွယ်ဖြစ်လာနိုင်ပါသည်။ သို့သော်ကြီးမားသောအရာသည် ဆက်ကပ်အပ်နှံဖို့ရန်နှင့် သင်နင်းခြေနေသည့် လမ်းခရီးသည် သင့်အတွက်မှတ်သားထားသောလမ်းဖြစ်ကြောင်းသိရှိခြင်းသာဖြစ်ပါသည်။ သင်သည်သေး

ငယ်သောအရာအပေါ်၌သစ္စာရှိသကဲ့သို့ အကျပ်အတည်းထဲ၌လည်း ဘုရားသခင်ကသင့်ကို သစ္စာရှိစွာလမ်းပြပို့ဆောင်ပါလိမ့်မည်။ ဘုရားသခင်ကတစ်လှမ်းချင်းပို့ဆောင်ပါလိမ့်မည်။ သင့်ဘဝ၌ထူးဆန်းသော သေးငယ်သောရည်ရွယ်ချက်မရှိဘဲ တိုက်ဆိုင်ခြင်းအကြောင်းကို တိုး၍သိရှိလာပါလိမ့်မည်။ သင်သည်အရာအားလုံးကို"ချောက်ချက်မည်ဖြစ်ကြောင်း"အောက်မေ့ပါလိမ့်မည်။ သင်ကိုယ်တိုင် ဖွင့်ဟ၍မရသောအခွင့်အရေးများကို ရင်ဆိုင်နေရကြောင်းသိမြင်လာလိမ့်မည်။ ထို့နောက်ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းသည် ထူးခြားသောအချိန် မည်းမှောင်နေသော် လည်း ကုန်ဆုံးသွားသောနှစ်များစွာ၌ ဆက်ကပ်အပ်နှံထားသည့်ဘဝကို ပြန်၍စဉ်းစားခဲ့လျှင် ဘုရားသခင်ကသင့်ကိုလမ်းပြပို့ဆောင်တော်မူကြောင်း၊ယင်း၏လုပ်ဆောင်ချက်တို့သည်"ဆွဲဆောင်မှုရှိသော"လုပ်ဆောင်ချက်ဖြစ်ကြောင်း အောက်မေ့သတိရပါလိမ့်မည်။

ဇင်းတွင်ကြာရှည်စွာ စောင့်ဆိုင်းခြင်း၊ နာကျင်စွာစောင့်ဆိုင်းခြင်း၊ အနည်းဆုံးကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နေသည့်အရာများပါဝင်လိမ့်မည်။ သို့သော်လည်း ဇင်းတို့သည် ကျွန်ုပ်တို့အတွက် မရှိမဖြစ်လိုအပ်သည့်သင်တန်း၏ တစ်စိတ်ဒေသဖြစ်ပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၃၉

နောက်ပြန်ဆုတ်ခြင်းအန္တရာယ်၊ ပြန်လည်စဉ်းစားခြင်းအန္တရာယ်များသည်လည်း အမြဲတမ်းရှိရမည်။ ခရစ်ယာန်တစ်ယောက်က သူ၏ဧည့်ခန်းနံရံပေါ်၌ ဆောင်ပုဒ်တစ်ခု ချိတ်ဆွဲထားပါသည်။ "ကိုယ်တော်၊ ဘယ်လိုအဖိုးအခဘဲပေးရပေးရ၊ ကိုယ်တော်အတွက်ကျွန်ုပ်ကို သိမ်းဆည်းထားတော်မူပါ"သို့သော်လည်း တစ်နေ့တွင်ညင်သာစွာ လျှောက်လှမ်းပြီး ထိုစာတမ်းကိုဖယ်ရှားခဲ့ပါသည်။ အဖိုးအခသည် မြင့်မားလှပါ၏။ ကျွန်ုပ်တို့သည် ပြောင်းလဲ၍မရသောယဇ်ကိုပူဇော်ရန်ဖြစ်ပြီး ထွန်ကိုင်းကိုကိုင်လျှက်နောက်သို့လှည့်၍ကြည့်သောအခါ သူသည်ဘုရားသခင်၏ နိုင်ငံတော်နှင့်မထိုက်တန်ပါ(ရှင်လုကာ ၉း၆၂)။

ဆက်ကပ်အပ်နှံထားသောအသက်တာ၌ ဘယ်အရာမဆိုရှိနိုင်သော်လည်း နောင်တတရားမရှိပါ။ **Borden** က အသက်တာ၌"အရန်မရှိ၊ ဆုတ်ခွာခြင်းမရှိ၊ နောင်တတရားမရှိ"ဟုပြောပါသည်။ ဇင်းသည် အမှန်တကယ်ပေးဆပ်သောအရာဖြစ်ပါသည်။ ယခုတွင်ကျွန်ုပ်တို့အားလုံးသည် ဤအရာများကို လက်တွေ့အားဖြင့် မိမိကိုယ်တိုင်လုပ်ဆောင်ကြပါစို့။ အောက်ပါမေးခွန်းများကို လူတိုင်းက ဘုရားသခင်ရှေ့မှောက်မှာ ရိုးသားရဲရင့်စွာ ရင်ဆိုင်ကြပါစို့။

ကြီးမားသောဘဝဆက်ကပ်ခြင်း ပြုလုပ်ခဲ့ဖူးသလား။

ဘုရားသခင်ပိုင်ဆိုင်သော အသက်တာကို ကိုင်တွယ်ဖို့ရန် ကြိုးစားခြင်းအားဖြင့် ဘဝကိုရုန်းကန်နေပါသလား။

သင့်အတွက်အသေခံခဲ့သောကယ်တင်ရှင်အတွက် ပြုလုပ်ရမည့် အလွန်ကြီးမားသော ယဇ်ပူဇော်ခြင်းတစ်ခုခုရှိသလား။

သင့်အတွက်သွားဖို့ရန် မလိုလားသောနေရာရှိနေသလား။

သင်၏ ဂုဏ်သိက္ခာကျဆင်းစေမည့်လုပ်ငန်းအတွက် ဘုရားသခင်ကသင့်ကိုခေါ်ရမည်မှာကြောက်ရွံ့နေသလား။

သင်သတ္တိရှိသလား-ယခုအချိန်၌-သင်၏ဘဝတစ်ခုလုံးကို ယေရှုခရစ်တော်ထံသို့ ပုံအပ်ထားဖို့ရန်။

ထိုအရာများကို မပြုလုပ်ဘဲနေဖို့ရန် သင့်မှာသတ္တိရှိသလား။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၀

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းအရေးပါမှု**

ခရစ်တော်ထံသို့ ဆက်ကပ်အပ်နှံခြင်းအကြောင်းကိုဆွေးနွေးသည်နှင့်တစ်ပြိုင်နက်တစ်စုံတစ်ယောက်က မလွဲမရှောင်သူ့ကိုယ်သူ ကန့်ကွက်မှုနှင့်အတူ"ဒါပေမယ့်ကျွန်တော်အသက်ရှင်ရမည်မဟုတ်လား"ဟု ကာကွယ်ရပါသည်၊ ဤအရာက အဓိပ္ပါယ်ပေါက်စေသည့်ဖော်ပြချက်မှာ-

၁။ ဘာဘဲလာလာ ကျွန်ုပ်တို့အသက်ရှင်ရမည်။

၂။ ခရစ်တော်ထံသို့ အသက်တာဆက်ကပ်ထားသောသူတို့သည် အလိုအလျောက်အချိန်ပြည့် အလုပ်လုပ်ပြီး စားဝတ်နေရေးအတွက် အလုပ်မလုပ်နိုင်တော့ပါ။

၃။ "ကောင်းသောအလုပ်"မလုပ်ဘဲဘုရားသခင်၌သာ ဆက်ကပ်အပ်နှံထားသည့်အချိန်တွင် ဝတ်မွတ်နိုင်သည့် ကြီးမားသောဖြစ်နိုင်စွမ်းရှိသည်။

ဤကဲ့သို့ စဉ်းစားခြင်းသည် မှားယွင်းသောအရာဖြစ်သည်၊ အကြောင်းမူကား ပထမနေရာ၌ မိမိအတွက်အသက်ရှင်ဖို့မဟုတ်ပါ။ သခင်ယေရှု၏ချည်နှောင်ထားသောကျွန်ုပ်သည် ထွက်ခွါသွားရမည့်အချိန်(သို့မဟုတ်)အပြုအမူကိုရွေးချယ်ရမည်မဟုတ်ပါ။ သူ့အလိုတော်ရှိနေသရွေ့အသက်ရှင်ဘို့သာအရေးကြီးပါသည်။ထိုအချိန်မတိုင်ခင်အထိ ကျွန်ုပ်တို့သည် ထာဝရတည်တံ့သောသူဖြစ်ကြပါသည်။ ဒုတိယနေရာ၌ဆိုသောအယူအဆသည်လည်း မှားယွင်းစဉ်းစားခြင်းဖြစ်သည်။ အကြောင်းမူကား ယုံကြည်သူတိုင်းသည် အချိန်ပြည့်အလုပ် လုပ်သင့်ပါသည်။ အချို့သောသူအတွက်ရုံးခန်းသည် သာသနာနယ်မြေဖြစ်ပြီး အခြားသူများအတွက် မီးဖိုချောင်သည် သာသနာ့နယ်မြေဖြစ်သည်။ အချို့သောသူသည် အာဖရိက၌နေထိုင်သော လောကီသားများဆီသို့ သက်သေခံကြပြီး အခြားသူများသည် အမေရိကန်ပြည်ထောင်စု၌ သက်သေခံကြသည်။ နောက်ဆုံး၌ ဤအရာ၏ မှားယွင်းသောအကြောင်းရင်းမှာ ခရစ်တော်၏အကျိုးကို ပထမနေရာ၌ထားသောသူတို့သည် အသက်တာလိုအပ်ချက်များကို အာမခံထားကြောင်း မေ့သောကြောင့်ဖြစ်ပါသည်။

ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။နောက်မှ ထိုအရာများကိုထပ်၍ ပေးတော်မူလတံ့။(ရှင်မဿဲ ၆း၃၃)။

သို့သော်လည်း ကျွန်ုပ်တို့၏ အယူအဆကို ဤအကြောင်းအရာတစ်ခုလုံးအပေါ်၌ ထင်ရှားအောင်ပြုလုပ်ဖို့အလို့ငှာ ခရစ်ယာန်အသက်တာ၌ အသက်မွေးဝမ်းကျောင်းအရေးပါသည့်အကြောင်းကို အတိုချုံးအားဖြင့် စဉ်းစားရပါမည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၁

၁။ ပထမအားဖြင့် လူသားသည် အလုပ်လုပ်ခြင်းအားဖြင့် အသက်ရှင်ရမည့်အကြောင်းသည် ဘုရားသခင်၏ အကြံအစည်ဖြစ်ပါသည်။

သင်၏မျက်နှာမှ ချွေးထွက်လျှက် အစားကိုစားရမည်။(ကမ္ဘာဦးကျမ်း ၃း၁၉)။

ခြောက်ရက်ပတ်လုံး အလုပ်မလုပ်ချင်သောသူမည်သည်ကား အစာကိုလည်းမစားစေနှင့်ဟု ပညတ်ထားကြပြီး (၂ သက်တာလောကနိတ် ၃း၁၀)

ခက်ခဲသောအလုပ်လုပ်ခြင်း၌ ရှက်ကြောက်ခြင်းမရှိ။ ၎င်းသည်ဘုရားသခင်ထံမှလာသော ကောင်းချီးမင်္ဂလာဖြစ်သည်။

၂။ ခရစ်ယာန်တို့သည် မည်ကဲ့သို့သော အလုပ်မျိုးထဲ၌ ဝင်ရောက်လုပ်ဆောင်မည့်အကြောင်း ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းကိုရှာသင့်သည်။ဤအရာနှင့်ပတ်သက်၍ သာသနာမြေ၌ ဆက်လက်ဖြစ်သွားမည်ဖြစ်သောကြောင့် ရှင်းလင်းသော လမ်းပြခြင်းကို မျှော်လင့်သင့်ပါသည်။

၃။ ဤခံစားချက်အပေါ်မူတည်ပြီး နယ်ပယ်ဒေသတစ်ဘက်စွန်း၌ လုပ်ကိုင်နေရသောအလုပ်သည် ဧဝံဂေလိလုပ်ငန်း လုပ်ခြင်းထက် သေးငယ်သည်ဟူ၍မရှိပါ၊ အရေးကြီးသည်မှာ အလုပ်ရွေးချယ်ရာတွင် ဘုရားသခင်ကပို့ဆောင်ခြင်းကို သိရှိနားလည်ရန်သာဖြစ်ပါသည်။ ဤအရာနှင့်ပတ်သက်ပြီး ယုံကြည်စိတ်ချမှုအပြည့်မရှိဘဲဖြစ်နိုင်သည်။ အကယ်၍ဘုရားသခင်၏ အလိုတော်အတိုင်း စစ်မှန်သည့်အပ်နှံခြင်းမရှိခဲ့လျှင် ဘယ်နေရာမဆိုသွားချင်သည့်ဆန္ဒရှိပါလိမ့်မည်။

၄။ ယနေ့တွင် ခေတ်စားနေသည့်“လောကီဆိုင်ရာ”အလုပ်နှင့်“မြင့်မြတ်သော”အလုပ်ဟူ၍ ခွဲခြားခြင်းသည် ကျမ်းစာနှင့်ကိုက်ညီသောအရာမဟုတ်ပါ။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေဘို့အတွက်ဖြစ်ခဲ့လျှင် ဘယ်အလုပ်မျိုးမဆိုမြင့်မြတ်ကြပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၂

၅။ လုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်နှင့် ပတ်သက်ပြီး ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းကို ရှာဖွေရာတွင် ယုံကြည်သူများက မှတ်ထားရမည်မှာ ဘုရားသခင်က သာသနာနယ်၌ရှိသော သူတစ်ယောက်ကို သူ၏သဘာဝအရည်အသွေးပေါ်မူတည်ပြီး အသုံးပြုလေ့ရှိသည်။ ၎င်းသည်ချွင်းချက်မရှိ စည်းမျဉ်းမဟုတ်သော်လည်း လုပ်ရပ်ပုံစံကိုမူ အနည်းဆုံး ဖော်ပြလေ့ရှိသည်။

၆။ ဘုရားသခင်က ယုံကြည်သူတစ်ယောက်ကို သံသယဖြစ်ဖွယ်ကောင်းသော လုပ်ငန်းထဲသို့ ပို့ဆောင်မည်မဟုတ်ကြောင်းထင်ရှားနေပါသည်။ ယုံကြည်သူဘယ်သူမဆို လောကီဆိုင်ရာပြုကျင့် ခြင်း(သို့မဟုတ်)ရာဇဝင်ကို ညစ်ညမ်းစေသည့်အလုပ်၌ မတွယ်ကပ်သင့်ပါ။

၇။ မှတ်သားထားဖို့ရန် အရေးကြီးဆုံးအရာက အလုပ်သည်ဘဝ၌ အဓိကမဟုတ်ပါ၊၎င်းသည်အဆုံးသတ်ခြင်းသဘောသက်သက်သာဖြစ်ပါသည်။ Carey က ထိုက်ထိုက်တန်တန်ကျော်ကြား မှုရသည့်အရာကို မှတ်သားထားပါသည်။ “ကျွန်တော့်အလုပ်က တရားဟောခြင်းဖြစ်သည်။ အဖိုး အခပေးပို့ရန် ကျွန်တော်ဖိနပ်ပြင်နေပါသည်”ဟုဖြေခဲ့ပါသည်။ထိုကဲ့သို့သောပုံပြင်ကို ဌာနဆိုင်ရာ စတိုးဆိုင်သည် တောင်သူဟု နာမည်ရခဲ့သော John Klanaker နှင့်ပတ်သက်ပြီးပြောခဲ့ကြပါသည်။ ဥပုသ်စာဖြေအလုပ်စတင်လုပ်ဆောင်နေသည့်အချိန်တွင် မည်မျှအလုပ်များမည့်အကြောင်းမေးမြန်း ရာ၌ သူက“ဘာကြောင့်လဲ ဥပုသ်စာဖြေသည် ကျွန်တော်၏လုပ်ငန်းဖြစ်သည်အခြားအရာများသည် လုပ်စရာများသက်သက်သာဖြစ်သည်၊ လွန်ခဲ့သောနှစ်ပေါင်းငါးဆယ့်ငါးအချိန်၌ဘုရားသခင်၏ကတိတော်ဖြစ် သည့်“ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့၊နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတ့ံ”ဟူသောအရာသည်သေချာသည်ဟု ကျွန်တော်ဆုံးဖြတ်ခဲ့သည်”

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၃

ငင်းသည် စိတ်ထဲ၌ထားရမည့် အရေးကြီးသောအရာဖြစ်သည်။ ဘုရားသခင်အကျိုးပြုခြင်းသည် ပထမ၌လာ၏၊ လုပ်ငန်းသည် ဒုတိယတန်းစားသာဖြစ်သည်။ အလုပ်ကိုထိပ်ဆုံးအဖြစ်ထားသည့်အချိန်တွင် အန္တရာယ်ထွက်ပေါ်လာသည်။ ငင်းသည်လူကိုအသင်းတော်အစည်းအဝေးမှ ထွက်သွားစေပါသည်။ငင်းသည် သူ့အချိန်ကိုပို၍ဝေငှဖို့ရန်တောင်းဆိုနေပါသည်။ ငင်းကသူ၏ခရစ်ယာန်လုပ်ငန်းကို အကျိုးမရှိအောင်နှောင့်ယှက်နေသည်။

ထုံးစံအတိုင်းထွက်ပေါ်လာသောအဖြေမှာ ယုံကြည်သူသည် သူ၏အမွေခံစားခွင့်ထဲမှလှည့်ဖြားခြင်းခံရသည်။ သတနအအ က ကျွန်တော်သည်ဖြစ်မလာပါ။ သို့သော်လည်း“ကုမ္ပဏီလုပ်ငန်း၌ခဏသာအရာရှိငယ်ဖြစ်ခဲ့သည်။” “လက်အောက်အမှုထမ်းဖြစ်ခြင်းကို ထွေးပိုက်ခြင်းအားဖြင့်” ဘဝ၏အရေးကြီးဆုံးအရာကို လက်လွှတ်သွားခဲ့သည်။

၈။ အလုပ်သည် ဒုတိယတန်းစားဟုဆိုသည့်နေရာမှာ အလုပ်ကိုဂရုမစိုက်ဘဲ(သို့မဟုတ်)စိတ်မဝင်စားဘဲဆောင်ရွက်မည်ဟု မဆိုလိုပါ ထိုသို့မဟုတ်ဘဲ ငင်းကိုခရစ်ယာန်တို့၏ သက်သေခံသည့်ကိစ္စအနေဖြင့် မှန်ကန်စွာနှလုံးသားအကြွင်းမဲ့ကောင်းမွန်စွာ-ဘုရားသခင် အမှုတော်မြတ်သဘောဖြင့် လုပ်ကိုင်ဆောင်ရွက်ရပါမည်။ ဘုရားသားသမီးတို့သည်ရယူဖို့အချိန်တစ်နာရီ၌ အလုပ်ရှင်အတွက် မိနစ်ခြောက်ဆယ်အပြည့်ဆောင်ရွက်ပေးရပါမည်။မတော်တဆအားဖြင့်သော်ငင်း၊ သူသည်အလုပ်ရှင်၏အချိန်ကို အခြားသူများထံ၌သက်သေခံဖို့အတွက်မသုံးသင့်ပါ။ငင်းကိုသူကိုယ်ပိုင်အချိန်၌ သူကိုယ်တိုင်သူ့စရိတ်ဖြင့် ပြုလုပ်ရမည့်အရာဖြစ်သည်။

ခရစ်ယာန်တစ်ယောက်အတွက် နားလည်ရန်ခက်ခဲလေ့ရှိသောအရာမှာ ဘုရားသခင်အတွက် တာဝန်ထမ်းဆောင်ရမည့်အချိန်ကို သူ၏အလုပ်ရှင်က စတင်ကျူးကျော်နေသည့်အချက်ဖြစ်သည်။အနည်းငယ်ကသာလျှင်ချင့်ချိန်တတ်ကြပါသည်။အကယ်၍လူတစ်ယောက်က ဘုရားသခင်ကို၌ကဲ့သို့သောကိစ္စရပ်၌ ရိုသေလေးစားခဲ့လျှင် ဘုရားသခင်ကလည်းသူ့ကိုရိုသေလေးစားမည်ဖြစ်ပြီး တစ်ခါတစ်ရံအလုပ်ပြောင်းဖို့လိုအပ်သော်လည်း တောင်းရမ်းခွင့်ပြုမည်မဟုတ်ပါ။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၄

၉။ ရှောင်ကျဉ်ရမည့် ကျော့ကွင်းသည် မယုံကြည်သောသူများကပင် လျှင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အရာကို လုပ်ဆောင်ခြင်း၌ အသက်တာကိုအသုံးပြုခြင်းပင်ဖြစ်သည်။ သခင်ယေရှုက“လူသေသည် လူသေတို့ကသင်္ဂြိုလ်ပါလေစေ။သင်မူကားသွား၍ ဘုရားသခင်နိုင်ငံတော်၏အကြောင်းကို ဟောပြောလော့ဟုမိန့်တော်မူ၏”(ရှင်လုကာ၉း၆၀)။ လူသေကိုမည်သူမဆိုသင်္ဂြိုလ်နိုင်သော်လည်း ရွေးနှုတ်ကယ်တင်ပြီးသောသူ၏နှုတ်မှသာလျှင် ခရစ်တော်၏ ကယ်တင်ခြင်းကျေးဇူးတော်အကြောင်းကို သက်သေခံနိုင်သည်။ ထိုအာရုံခံစားမှုနှင့်အညီ ကျွန်ုပ်တို့သည် မရှိမဖြစ်လိုအပ်သောသူများဖြစ်ပါသည်။

၁၀။ ကျွန်ုပ်တို့သည် ဘယ်သောအခါမှ ယေရှုခရစ်တော်အတွက်မဟုတ်ဘဲ ညစ်ပတ်သောငွေကြေးအကျိုးအမြတ်အတွက်လုပ်ဆောင်ဖို့ရန်ဆန္ဒမရှိသင့်ပါ။အသင်းတော်၌ပေးကမ်းခြင်းကိုပြက်ရယ်ပြုပြီးကျွန်ုပ်တို့သည် မြို့တော်စည်ပင်သာယာရေးအတွက် ဘယ်သောအခါမှမလှူဒါန်းသင့်ပါ။

၁၁။ လူတစ်ယောက်သည်သူ့တာဝန်ကို တစ်ခါတစ်ရံသစ္စာရှိစွာ ဆောင်ရွက်ပြီးနူးညံ့သိမ်မွေ့စွာဘုရားသခင်အတွက်အသုံးပြုသောအခါ ဘုရားသခင်ကသူ့လုပ်ငန်းကိုပို၍ အသုံးပြုသော်လည်းသူ၏ နေ့စဉ်နှင့်အမျှလိုအပ်သောအရာကို အရင်အတိုင်း ထောက်ပံ့နေကြောင်းကိုသိမြင်နေပါသည်။ သို့မဟုတ်လျှင်သူသည် အိမ်(သို့မဟုတ်)နယ်ခြားဒေသ၌ ဧဝံဂေလိရား (သို့မဟုတ်)သင်ကြားခြင်း အတွက် ထင်ရှားမှန်ကန်သောဘုရားသခင်၏ခေါ်ခြင်းကိုလက်ခံနေပါသည်။ ထိုကဲ့သို့ဘုရားသခင် က ရှင်းလင်းစွာပို့ဆောင်နေသည့်အရာ၌ ခရစ်ယာန်တို့သည် ယာယီလိုအပ်မှုအပေါ် ကြောက်ရွံ့ ခြင်းမရှိဘဲဆက်၍သွားနိုင်ပါသည်။ဘုရားသခင်က ခေါ်လျှင် သူကထောက်ပံ့လေ့ရှိပါသည်။ **Hudson Taylor** က“ဘုရားသခင်အမှုတော်ကို သူ့အလိုတော်အတိုင်း ထမ်းဆောင်နေပါက ဘုရား သခင်က မထောက်ပံ့ဘဲမဖြစ်နိုင်”ဟု ပြောပါသည်။

၁၂။ ကမ္ဘာပေါ်၌ လုပ်ငန်းအောင်မြင်နေသောသူများနှင့် ကျွမ်းကျင်သောသူများကို ချီးမြှောက်နေသည့်ခေတ်၌ ခရစ်ယာန်တို့အတွက် ထိုကဲ့သို့သောရရှိခြင်းကို စိတ်ဝင်စားခြင်းမရှိဘဲကြည့်မြင်တတ်ခြင်းသည် ကောင်းသောအရာဖြစ်ပါသည်။ခရစ်တော်ကိုသေးငယ်သောအမှုအားဖြင့်အစေခံခြင်းသည် အများပြည်သူနှင့်ဆိုင်သော နိုင်ငံရေးအာဏာစက်ခေါင်းဆောင်ဖြစ်ခြင်းထက် ပို၍ကောင်း၏။ ဘုရားသခင်၏အလိုတော်အတိုင်း အမှိုက်ကောက်သမားဖြစ် ခြင်းသည် ဘုရားသခင်အလိုတော်နှင့်မညီညွတ်သောအမေရိကန်ပြည်ထောင်စုသမ္မတဖြစ်ခြင်းထက် ပို၍ကောင်း၏။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတော်ခြင်း – ၄၅

ထို့ကြောင့်ဤအရာတို့သည် စဉ်းစားစရာများဖြစ်ပြီး ငယ်ရွယ်သောခရစ်ယာန်တို့သည် သူ၏လုပ်ငန်းအကြောင်းကို ချင့်ချိန်ပြီး စဉ်းစားသင့်ပါသည်။ ဘုရားသခင်က သူ့ကိုလုပ်ငန်းတစ်ခုခုအတွက် လမ်းပြပို့ဆောင်နေကြောင်းကို မှားယွင်းခြင်းမရှိဘဲ ရှင်းလင်းစွာသိသင့်ပြီး ထိုက်တန်ခြင်းမရှိဘဲ သူ့သခင်ထံသို့ဆက်ကပ်အပ်နှံခြင်းမှ လွယ်လင့်တကူလွတ်မြောက်ခြင်းမပြုရပါ။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၆

ဆင်ခြင်ပေးခြင်း လှည့်ဖြားခြင်းနှင့်ရှောင်တိမ်းခြင်း

ခရစ်တော်တောင်းဆိုမှုက လူသားတို့ကိုဖိနှိပ်နေသောအခါ ဆင်ခြင်ပေးခြင်း၊ လိမ်လည်ပြီးထွက်ပေါက်ရှာခြင်း၊ ရှောင်တိမ်းခြင်းများပြုလုပ်ကြပါသည်။ ထိုကဲ့သို့သောရှောင်ရှားခြင်း၊ “ကျွန်တော်အသက်ရှင်ရမည်မဟုတ်လား”စသည်တို့ကို ကျွန်ုပ်တို့တွေးတောခဲ့ပြီးဖြစ်ပါသည်။ ယခုတွင် ကျွန်ုပ်တို့သည် ကယ်တင်ရှင်ထံမှခေါ်ခြင်းကို“ငြင်းဆိုသော”အခြားနည်းလမ်းကို အတိုချုံးအားဖြင့်ကြည့်ကြရပါမည်။

အလွန်ခေတ်စားနေသောအရာမှာ-“မိမိအနာဂတ်အကြောင်းကို စဉ်းစားရမည်”ဟူသောအချက်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာ၌ အရှေ့ပြည်မှာ လူငယ်တစ်ယောက်သည် မိမိဘဝကို ဘုရားသခင်ထံသို့ အမှုတော်မြတ်အတွက် အပ်နှံဖို့ရန်လေးနက်စွာဆက်ကပ်မှုရှိပါသည် စိတ်ထဲ၌လေးနက်သောရုန်းကန်ကြိုးပမ်းနေသည့် နိုးကြားမှုရှိပြီး စိတ်အားထက်သန်လျက်ရှိပါသည်။ ဤလုပ်ငန်းလက်

ခံခြင်းကိုရွေးချယ်ရင်ဆိုင်ခြင်း(သို့မဟုတ်)စီးပွါးရေးလောက၌ ကြီးကျယ်ခမ်းနားသောအဆင့်ကို ပိုင်ဆိုင်ခြင်းအတွက် လုပ်ငန်းဆိုင်ရာဘဝအတွေ့အကြုံရင့်ကျက်နေသည့်သက်ကြီးရွယ်အိုခရစ်ယာန် နှစ်ယောက်ကိုတိုင်ပင်ခဲ့ပါသည်။ သူတို့ကထိုလူငယ်ကို"လူလေး၊ မှတ်ထားပါ၊ သင်၏အနာဂတ်ကို စဉ်းစားရမည်"ဟုပြင်းထန်စွာအကြံပြုခဲ့ပါသည်။

သူကလစာများများစားရသော အနေအထားကိုထိန်းသိမ်းခဲ့ပါသည်။ သို့သော်လည်း သူ၏ အနာဂတ်ကို အမှန်တကယ်စဉ်းစားခဲ့သလား? ထို့နောက်ဤကဲ့သို့ပြောသောအခြားသူများလည်း ရှိပါသည်။"ဒါပေမယ့်တစ်ယောက်ယောက်ကတော့အိမ်မှာနေရမယ်"ဤသို့ပြောတတ်သောသူများ သည် ခရစ်တော်အတွက်လက်နက်တပ်ဆင်ကာ ထွက်သွားသောသူတို့နှင့်ပင် လေးနက်စွာဆက်စပ် ပုံပေါ်သော်လည်း သူတို့၏သဘောထားကမူ ထိုကဲ့သို့သောလုပ်ငန်းအတွက် စွန့်စားဖို့ရန်ဆန္ဒမရှိ ခြင်းဖြစ်လေ့ရှိပါသည်။ ကယ်တင်ခြင်းသတင်းကောင်းဟောပြောဖို့ရန် ထွက်ခွာသွားသောသူတို့ကို ပံ့ပိုးဖို့ရန်အတွက် အချို့သောသူတို့ကို ဘုရားသခင်က ချန်ရစ်နေထိုင်အသုံးပြုတတ်ခြင်းသည် မှန်ကန်သောအရာဖြစ်သော်လည်း အားနည်းသော၊ ရှက်ကြောက်သောနမတို့သည် အန္တရာယ်ရောဂါ လွှမ်းမိုးနေသည့် နယ်မြေဒေသ၌ ရှေ့ဆောင်လမ်းပြသူအဖြစ် ထိုးဖောက်နေသည့်အချိန်တွင် ကျန်းမာသောသူ၊ ရဲရင့်သောသူ၊ သန်မာသောသူ၊ ပါရမီရှင်လူငယ်များသည် အိမ်မှာကျန်ရစ်နေထိုင် ဖို့ ခေါ်ခဲ့ရခြင်းသည် ထူးဆန်းလှပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၇

အခြားဖြစ်နိုင်သည့် အကြောင်းရင်းမှာ သူတို့၏ပါရမီနှင့်ပညာကို"ခရစ်ယာန်သာသနာ" ထက်ပို၍ ကောင်းမွန်စွာအသုံးပြုနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်"သူတို့အဆင့်ထက်ပို၍နိမ့်ကျသော" လုပ်ငန်းအတွက် ဘုရားသခင်ခေါ်ခြင်းကို ကြောက်ရွံ့သောကြောင့် ဘုရားသခင်ဆီ၌ နှလုံးသား အကြွင်းမဲ့ပုံအပ်ထားဖို့ရန်တွန့်ဆုပ်နေပါသည်။ ဤအတွက်အဖြေသည်လွယ်ကူလှပါသည်။ ကျွန်ုပ် တို့အနေဖြင့် မိမိအရည်အချင်းကို ဘယ်နေရာ၌အကောင်းဆုံးအသုံးချနိုင်မည်ဖြစ်ကြောင်းကို ပြော ဘို့မလိုပါ။ ဤမျှမကကျွန်ုပ်တို့၌ရှိသမျှအရာတို့သည်ဘုရားသခင်အတွက်အလွန်ကောင်းကြပါသည် ဟုယူဆခြင်းသည် ဘုရားသခင်ကိုတိကျစွာ ဂုဏ်သိက္ခာထိခြင်းဖြစ်သည် ခပ်သိမ်းသောအရာသည် ဘုရားသခင်ထံမှရရှိခံစားသောအရာများဖြစ်ကြပါသည်ပညာနှင့်ပါရမီတို့သည်သူ့နေရာ၌သူကောင်း နေကြသော်လည်း ၎င်းတို့အတွက်အကောင်းဆုံးနေရာသည်သခင်ယေရှုခရစ်တော်၏ စူးဖေါက်ထား သော ခြေတော်ရင်း၌သာဖြစ်ပါသည်။ တမန်တော်ရှင်ပေါလုသည် အရည်အသွေးနှင့်ပြည့်စုံသော ဉာဏ်ကြီးရှင်ဖြစ်ပါသည်။ လောကီဆိုင်ရာပညာသဘောကို စဉ်းစားပြီး ဤကဲ့သို့ရေးသားခဲ့ပါသည်-

သို့သော်လည်းငါ၏အကျိုးစီးပွားကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ငါထင်မှတ်၏။ ထိုမျှမကငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် ဘယ်မျှ လောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။ (ဖိလိပ္ပိ ၃း၇-၈)။

ခရစ်တော်ထံသို့လုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်းရင်ဆိုင်ရမည့်အချိန်တွင်"ဒါပေမယ့် ကျွန်တော်ကအလွန်အသက်ကြီးနေပြီ"ဟုပြောသောသူလည်းရှိပါသေးသည်။ထိုကဲ့သို့သောသူကို "နာခံဖို့ရန်အတွက်သင်သည် အလွန်အသက်ကြီးနေပြီလား"ဟု ကျွန်ုပ်တို့က ရိုးရှင်းစွာမေးသင့်ပါ သည်။

အခြားဆင်ခြေက"အိမ်မှုကိစ္စ"ဖြစ်ပါသည်။ မိဘ(သို့မဟုတ်)မိန်းမနှင့်သားသမီးများ၊ ဘုရားသခင်က ဤမျှလောက်ချစ်စရာကောင်းသော မျိုးနွယ်စုကို ဘုရားသခင်ထံတော်၌ဆက်ကပ်ခြင်းမပြုနိုင်ဖို့ရန် ကျွန်ုပ်တို့ကိုပေးရမည်နည်းဟူသောအချက်က စဉ်းစားစရာမဟုတ်ပါလား။ ဤသို့ဖြင့်ဘုရားသခင်ကသူ၏ ရည်ရွယ်ချက်နှင့်ကျွန်ုပ်တို့၏အကောင်းဆုံးအကျိုးကို တားဆီးပိတ်ပင်မည်လား။ မဟုတ်ရပါ။ ဘုရားသခင်ကဆက်ကပ်အပ်နှံထားသောခရစ်ယာန်တို့ကို အိမ်မှုကိစ္စကိုလစ်လျူရှုစေပြီး ထိုကဲ့သို့လမ်းပြပို့ဆောင်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ ပထမဆုံးတာဝန်ဝတ္တရားသည် ဘုရားသခင်နှင့်ဆက်နွယ်ပြီး"ဖခင်၊ မိခင်၊ မိန်မ၊ သားသမီး၊ ညီအစ်ကို၊ နှမ"တို့ထက်သူ့ကိုပို၍ချစ်ရမည်ဖြစ်ပါသည်။(ရှင်လုကာ ၁၄:၂၆)

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၈

ရိုးသားဖြူစင်သောသူအချို့တို့သည် လုံလောက်သောအရည်အချင်းမရှိဟု ခံစားကြသောကြောင့် အပြည့်အဝဆက်ကပ်ခြင်းပြုလုပ်ဖို့ရန် ဆိုင်းတွနေကြပါသည်။ သို့သော် တစ်စုံတစ်ယောက်သည် ဆက်ကပ်အပ်နှံဖို့အတွက်အရည်အချင်းရှိဖို့မလိုပါ။ ခရစ်တော်သည် ဟောင်းလောင်းကြီးဖြစ်နေသည့်အိုးနှင့် အတိုင်းထက်အလွန်ကောင်းမွန်စွာ ပြုလုပ်နေပါသည်။ ဘုရားသခင်အမှုတော်အတွက်အမှန်တကယ်ခေါ်ခြင်းအားလုံးနီးပါး၌ လူသားဘက်မှ ဖွင့်ပြောခြင်းအတိုင်းအတာရှိပြီး ထိုကြောင့်ဤသဘောထား၌ မျက်နှာသာပေးခြင်းမရှိပါ။ နောက်ဆုံးတွင်ခရစ်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံး၌ အချို့သောအရည်အချင်းရှိကြပြီး သူ၏စစ်မှတ်သောအလုပ်ကိုမြင်တွေ့ဖို့ရန် ယေရှုကိုသခင်အဖြစ်ယုံကြည်လက်ခံရပါမည်။

အားလုံးထဲမှဝမ်းနည်းကြေကွဲဖွယ်အကောင်းဆုံးဆင်ခြေမှုမှာ"ဘုရားသခင်က သူ့အတွက်အရာအားလုံးကို မစွန့်လွှတ်စေချင်ဘူး။ ကျွန်ုပ်မှာလိုချင်သောဆန္ဒရှိခြင်းကိုသာသိချင်သည်"ဟူသောအရာဖြစ်ပါသည်။ရှေ့တန်းတစ်ဝိုက်၌ရှိသောစစ်သားအပေါင်းအဖော်ကိုမြင်ယောင်ကြည့်ပါ။ချီတက်ဖို့အမိန့်ပေးသည့်အချိန်တွင် **G . I** သည်သူတို့၏ ကတုတ်ကျင်း၌ထိုင်ပြီး သူတို့၏သေနတ်များကိုသုတ်သင်ကာ "ဗိုလ်ချုပ်ကြီးက ကျွန်ုပ်တို့ကိုတကယ်ချီတက်စေချင်တာမဟုတ်ဘူး၊ ကျွန်ုပ်တို့ချီတက်ချင်တဲ့ဆန္ဒကိုသာသိချင်သည်။"ဟုမှတ်ချက်ပေးသည်။ ထိုနည်းအားဖြင့်မည်ကဲ့သို့သောတိုက်ပွဲမှအနိုင်ရမည်မဟုတ်ပါ။ ရှုံးနိမ့်ခြင်းသမိုင်းကိုသာ အမြဲတမ်းရေးထားရမည်ဖြစ်သည်။

ဤအရာတို့သည် ခရစ်တော်ထံသို့ သူတို့ကိုယ်သူတို့ ဆက်ကပ်ဖို့အတွက်လူတို့ကဆင်ခြေပေးသောအရာများဖြစ်ပါသည်။ ကယ်တင်ခြင်းအားဖြင့် ကြီးမားသောဆက်ကပ်ခြင်းမလုပ်ရမည့်အကြောင်းမရှိပါ။

တဖန် ဘုရားသခင်က"ငါ့သား(ငါ့သမီး)သင်၏နှလုံးသားကို ပေးတော်မူပါ"ဟု ပြောသကဲ့သို့သူ့ကိုဘာပေးဆပ်ရမည်နည်း။

ဆင်ခြေမှုလား (သို့မဟုတ်) သင့်ကိုယ်တိုင်လား

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၄၉

**ငြင်းမျှစွာနှစ်သက်လိုလားသောဘဝ**

အကယ်၍သခင်ယေရှုခရစ်တော်သည် တစ်ခုခုအတွက်ထိုက်တန်ခဲ့လျှင် သူသည်အရာအားလုံး အတွက်ထိုက်တန်ပါသည်။ အကယ်၍သူသည် ကျွန်ုပ်အတွက်အသေခံခဲ့လျှင် ကျွန်ုပ်တို့သည်လည်း သူ့အတွက်အသေခံသင့်ပါသည်။ အကယ်၍သူ၏ခန္ဓာကိုယ်သည် ကျွန်ုပ်တို့အတွက်ပေးဆပ်ခဲ့လျှင် ကျွန်ုပ်တို့၏ခန္ဓာကိုလည်း သူ့အတွက်ပေးဆပ်သင့်ပါသည်။

စစ်မှန်သောခရစ်ယာန်သည် ဘာသာရေးကို အစွန်းရောက် လိုက်စားသူများဖြစ်သည်။ သူသည် အထင်သေးခြင်းနှင့်ပြစ်တင်ဝေဖန်ခြင်းခံရသောသူဖြစ်ပါသည်။လောကနှင့်ကင်းကွာပြီး သူ၏ပတ်ဝန်းကျင်နှင့်လည်းလွဲမှားစွာပြုမူနေပါသည်။ ပုံမှန်သောသူဖြစ်လာသည့်အချိန်တစ်ခဏ တွင် သူ၏မှန်ကန်သောအကျင့်စာရိတ္တသည်ပျောက်ဆုံးခဲ့ပါသည်။

စံပြခရစ်ယာန်တစ်ယောက်သည် ပြင်းပျသောဆန္ဒနှင့်အသက်ရှင်ပါသည်။ ယေရှုခရစ်အ တွက် တောက်လောင်သောသူဖြစ်သည်။ သူသည်“ကျွန်ုပ်၌ပြင်းပျသည့်ဆန္ဒတစ်ခုရှိသည်။ ၎င်းမှာ ဘုရားသခင်တည်းဟူသောသူ့ကိုချစ်ခြင်းပင်ဖြစ်သည်”ဟုပြောသွားခဲ့သော **Count Zinzendorf** သည် ဥပမာဖြစ်ပါသည်။ အခြားအရာအားလုံးသည် ဒုတိယတန်းစားဖြစ်သည်။

ဘုရားသားသမီးတို့သည် ဘုရားအတွက်ပူဇော်ရမည့်အရာ၌ အလွန်ကြီးမားသည်ဟူ၍မရှိပါ သူတို့ပိုင်ဆိုင်သောငွေကြေး၊ အချိန်၊ သူတို့အသက်တာတို့သည် ဘုရားသခင်၏စီမံခန့်ခွဲမှု၌ထား ခဲ့ပြီး အသက်ရှင်ကြပါသည်။

**Robert Arthington** ကဲ့သို့သူတို့က“ကြမ်းပြင်ကို ကုတင်အဖြစ်၊ သေတ္တာကို ထိုင်ခုံအဖြစ်၊ အခြားသေတ္တာကို စားပွဲအဖြစ်၊ ဝမ်းမြောက်စွာအသုံးပြုမည်။ ခရစ်တော်၏ ဉာဏ်ပညာမရှိသော ကြောင့် လူသားတို့သည်ပျက်စီးရမည့်အစား ထိုကဲ့သို့ပြုလုပ်မည်”ဟုပြောပါသည်။ ခရစ်တော် တပည့်တော်တို့သည် သဘာဝတရားအတိုင်း အသက်မရှင်သောသူများဖြစ်သည်။ သူတို့ဇာတိမွေးရာ ပါအသိဉာဏ်ကို ဆန့်ကျင်လျက်ရှိပါသည်။ သူတို့သည်သာမန်ဘဝချည်နှောင်မှုနှင့်မသက်ဆိုင် ကြောင်းပြောသည်။ အခြားသူများကပြောင်းလဲ၍မရဟုယူဆကြသောအမှန်တရားတို့ကို ခရစ်တော် အတွက်စွန့်လွှတ်ခဲ့ကြသည်ခရစ်တော်နောက်ကိုလိုက်သောသူတို့သည်ချည်နှောင်ထားသည့်ကျွန်များ ဖြစ်ကြပါသည်။ အမိန့်ပေးခြင်းကို အရှိအသေပြုကြပါသည်။ ရိုးစင်းစွာနာခံကြပါသည်။

## သင်၏အနာဂတ်ကို စဉ်းစားတွေးတောခြင်း – ၅၀

ဘဝကိုမြှုပ်နှံထားသော ခရစ်ယာန်တို့သည် ဘုရားဖူးသောသူနှင့်သူစိမ်းနယ်ခြားရှုမျှော်ခြင်း အားဖြင့်လေလွင့်သောသူ ထိုနေရာ၌နေထိုင်သောသူတို့ဆီသို့ သစ္စာရှိစွာသက်သေခံသောသူများ ဖြစ်ကြပါသည်။

သူသည်မိတ်ဖွဲ့ခြင်းကို ဂရုမစိုက်သောသူ၊ လောကီဆိုင်ရာကောင်းမှုအတွက်မျှော်လင့်ခြင်း နှင့်ဆန္ဒမရှိသောသူ၊ လောကီအရာဆုံးရှုံးခြင်း၌ စိုးရိမ်ကြောင့်ကြခြင်းမရှိသောသူ၊ ဘဝကိုဂရုမစိုက် သောသူ၊ သေခြင်းတရားကိုမကြောက်သောသူ၊ ရာထူးကိုအလေးမထားသောသူ၊ နိုင်ငံသို့မဟုတ်၊ အခြေအနေမရွေးသောသူ၊ ခရစ်တော်၏ကယ်တင်ခြင်းတရားတစ်ခုတည်းကိုသာ အာရုံပြုသောသူ၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့တစ်ခုတည်းသာရည်ရွယ်သောသူ၊ အရူးကဲ့သို့သောသူနှင့်ခရစ် တော်အတွက်အရူးတစ်ယောက်အဖြစ် တွက်ချက်ရန်ကျေနပ်ရောင့်ရဲသောသူဖြစ်ပါသည်။ သူသည် စိတ်အားထက်သန်သူ၊ အစွန်းရောက်လိုက်စားသူ၊ လျှို့ဝှက်မထားသူ(သို့မဟုတ်)လောက ကသူ့ကို ခေါ်ဝေါ်သမုတ်ရန်ရွေးချယ်နိုင်သောဖော်ပြမထားသည့် အခြားထူးဆန်းသောတစ်စုံတစ်ခုဖြစ်ပါ လေစေ။ သူသည်အသိအမှတ်မပြုသောသူဖြစ်နေပါစေ။သူ့ကိုကုန်သည်ကြီး၊အိမ်ပိုင်ရှင်(သို့မဟုတ်) နိုင်ငံသား၊ အရေးကြီးသောပုဂ္ဂိုလ်ကကမ္ဘာကျော်ပုဂ္ဂိုလ်၊ ပညာတတ်သောသူ၊ ဦးနှောက်ကောင်းသော သူဟုခေါ်သောအခါ သူ၏အကျင့်စာရိတ္တနှင့်အတူ နေရာတကာ၌ရှိနေပါသည်။ သူတို့ပြောရမည်

(သို့မဟုတ်)သူတို့သေရမည်၊ သူတို့သေရမည်ဖြစ်သော်ငြားလည်း သူတို့ပြောရမည်။သူတို့၌အနားယူခြင်းမရှိ ကုန်းမြင့်ပင်လယ်၊ ကျောက်ဆောင်နှင့်သဲကန္တာရဒေသတို့၌ပြေးလွှားနေကြပါသည်။ ကျယ်လောင်စွာငိုကြွေးပြီး ညှာတာထောက်ထားခြင်းမရှိနှောင့်နှေးရမည်မဟုတ်ပါ၊ထောင်ထဲ၌ ဟစ်အော်နေကြပြီး ပင်လယ်မုန်တိုင်းအလယ်၌ မငြိမ်သက်ဖြစ်နေကြပါသည်။ ကြောက်ရွံ့ဖွယ်ကောင်းသောကောင်စီများနှင့်သရဖူဆောင်းထားသည့်ရှင်ဘုရင်ရှေ့မှောက်တွင်သမ္မာတရားကိုယ်စား သက်သေခံကြပါသည်။ သူတို့၏အသံကိုသေခြင်းမှအပ မငြိမ်းစေနိုင်ပါ။ ထို့ပြင်သေခြင်းဆောင်းပါးထဲ၌ ခွေရစ်နေသည့် မီးလျှံနှင့်လိမ့်သွားနေသည့်မီးခိုးတို့သည် ဝိညာဉ် အစိတ်အပိုင်းတို့ကို အသက်ရှူကျပ်စေပြီး စကားပြောကြ၊ ဆုတောင်းကြ၊ သက်သေခံကြ၊ ဝန်ခံကြ၊ တောင်းပန်ကြ၊ စစ်တိုက်ကြပြီး ရက်စက်ကြမ်းကြုတ်သောသူများကို ကောင်းချီးပေးကြပါသည်။

ထိုကဲ့သို့သော အမျိုးသားနှင့်အမျိုးသမီးတို့ကို ယနေ့၌ သခင်ယေရှုက ရှာဖွေနေသောသူများဖြစ်ပါသည်။

ဘုရားသခင်က အမြဲတမ်းရှာဖွေနေသကဲ့သို့ ယခု၌လည်းရှာဖွေနေပါသည်။ သူ၏ခြေရာခံလမ်းကြောင်း၌ ရည်မှန်းချက်မရှိဘဲ မျောပါနေသောလူထုကြီးအတွက်မဟုတ်၊ သူတို့ရှေ့မှောက်၌ ဘုရားသခင်က နင်းခြေနေသည့် မိမိကိုယ်မိမိစွန့်လွှတ်ခြင်းလမ်းကို လိုက်လျှောက်ဖို့ရန် ပြင်ဆင်ထားပြီး သစ္စာခံထားသည့် သူတစ်ယောက်အတွက်သာ ဘုရားသခင်အလိုရှိပါသည်။

## သင်၏အနာဂတ်ကိုစဉ်းစားတွေးတောခြင်း – ၅၁

ဘုရားသခင်က **Rowland Hill** ကဲ့သို့"သူ့နှလုံးသားထဲမှ ပူနွေးသော ရှူးရှူးရှဲရှဲမည်သည့်အသံစီးဆင်းသည်"ဟုပြောသောသူကိုနှစ်သက်သည်။ ဘုရားသခင်က **Chalmers** ကဲ့သို့သော ပုဂ္ဂိုလ်၊သူ၏"သွေးဝင်စိတ်အားထက်သန်မှု"ဟူသောစကားအတွက် အသိအမှတ်ပြုခြင်း ခံရသောသူကို နှစ်သက်သည်။ ဘုရားသခင်က **Henry Martyn** ကဲ့သို့ "ယခုတွင်ဘုရားသခင်အတွက်ကျွန်တော် လောင်ကျွမ်းပါရစေ"ဟု ပြောသောသူကိုနှစ်သက်သည်။

ယနေ့လူငယ်များစွာတို့သည် သူတို့ဘဝ၏အကောင်းဆုံးသောနေ့ရက်ကာလများကို စီးပွားရေးလုပ်ငန်းအတွက်ပေးဆပ်ချင်သောဆန္ဒရှိကြပါသည်။ သူတို့၏နိုင်ငံအတွက်အသက်ပေးအသေခံချင်ကြပါသည်။ ဝင်ငွေကောင်းရဖို့အတွက် ကမ္ဘာတစ်ဝှမ်းလုံးလှည့်လည်ကြပါလိမ့်မည်။နိုင်ငံရေးပါတီအတွက် နေ့ရောညပါ အလုပ် လုပ်ကြပါလိမ့်မည်။

ဂီတအနုပညာရှင်ဖြစ်ဖို့အတွက် သူတို့၏လက်ချောင်းများသည် အရိုးသာကျန်လောက်အောင်လေ့ကျင့်ပါလိမ့်မည်။ ဘုန်ကြီးနှင့်မယ်သီလဖြစ်လာဖို့အတွက် လက်မထပ်ဖို့ရန်လေးနက်သောကတိသစ္စာပြုကြလိမ့်မည်။ မင်းသားဖြစ်လာဖို့အတွက် ရှည်လျားခက်ခဲသောအပိုင်းကို အလွတ်ကျက်မှတ်ကြလိမ့်မည်။ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုရရှိဖို့ရန် ဆယ်နှစ်အပြည့်သင်ကြားကြလိမ့်မည်။ သခင်ယေရှုအတွက် သင်ဘာလုပ်ချင်ပါသလဲ? အစိတ်အပိုင်း(သို့မဟုတ်)နှလုံးသားတစ်ဝက်ထဲမဟုတ်ပါ၊ ဘုရားသခင်ထံသို့ အလုံးစုံပေးဆပ်မည်လော?။